ခင်ကျော်ဟန် (ရေနံချောင်း)

# ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆို ရုံးတင်စစ်ဆေးမှု ပြစ်စာ၌မှတ်တမ်း။



ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်(၄၇)
ဒုတိယရဲမှူးကြီးဇော်မင်းအောင်နှင့် ဒေါ်အောင်ဆန်းစုကြည်ပါ(၄)ဦး

# မြန်မာနိုင်ငံရဲတပ်ဖွဲ့
## စွဲချက်

ပထမသတင်းပေးချက်အမှတ် . . . (ပ) ၃၀၁/၂၀၀၉
ရက်စွဲ . . . ၁၁–၅–၂၀၀၉
စွဲချက်အမှတ် . . . ၂၆၃/၂၀၀၉
တရားစွဲဆိုတင်ပို့သည့်ရက် . . . ၂၀၀၉ ခုနှစ်၊ မေလ (၁၄)ရက်
ပုဒ်မ . . . ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပုဒ်မ ၂၂ / ပြစ်မှုပုဒ်မ ၁၀၉
ပထမသတင်းပေးတိုင်တန်းသူ . . . လ ၅၈၂၈၄ ဒုရဲမှူးကြီးဇော်မင်းအောင်၊ သတင်းတပ်ဖွဲ့

ဒေါ်အောင်ဆန်းစုကြည်ပါ (၄)ဦး။

| စဉ် | အမည် | မှတ်ပုံတင်အမှတ်နှင့် အဘအမည် | နေရပ်လိပ်စာ | အသက် |
|---|---|---|---|---|
| ၁။ | ဒေါ်အောင်ဆန်းစုကြည် | CE ၀၇၃၉၆၆၊ (ဘ) ဦးအောင်ဆန်း၊ | အမှတ်(၅၄/၅၆)၊တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ် | (၆၄)နှစ် |
| ၂။ | ဒေါ်ခင်ခင်ဝင်း | PDL ၁၀၄၂၆၂၊ (ဘ) ဦးတင်အုန်း၊ | အမှတ်(၅၄/၅၆)၊တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ် | (၆၆)နှစ် |
| ၃။ | ဒေါ်ဝင်းမမ (ခ) အငယ်လေး | ၇/ပမန (နိုင်) ၁၀၀၃၁၂၊ (ဘ) ဦးဥာဏ်လင်း၊ | အမှတ်(၅၄/၅၆)၊တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ် | (၄၁)နှစ် |
| ၄။ | Mr John William Yettaw | P.P No - 439767722/ 24.8.2008/EV/T (ဘ) Jerome William Yettaw | 31158, Deta Road, Falcon, Missouri 65470, USA | (၅၄)နှစ် |

## ၂၀၀၉ ခုနှစ်၊ မေလ (၇)ရက်

၂၀၀၉ ခုနှစ်၊ မေလ (၇)ရက်နေ့ထုတ် စစ်အုပ်စုထိန်းချုပ်ထားသည့် သတင်းစာများတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးအဆောက်အအုံအနီး အင်းယားကန်အတွင်း၌ မသင်္ကာဖွယ် နိုင်ငံခြားသား တစ်ဦးသည် ၅ လီတာဝင် ရေသန့်ဘူးအကူအညီဖြင့် ရေကူးခတ်နေကြောင်း သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများက မေလ (၆)ရက်နေ့ နံနက် ၅ နာရီခွဲတွင်တွေ့ရှိ၍ လုံခြုံရေးအရ ခေါ်ယူစစ်မေးမှုပြုလုပ်ခဲ့ရာ အဆိုပါ မသင်္ကာဖွယ် နိုင်ငံခြားသားမှာ အမေရိကန်နိုင်ငံသား Mr. John Willian Yeattaw ဆိုသူဖြစ်ကြောင်း၊ ၎င်းသည် ကမ္ဘာလှည့် ခရီးသွားဗီဇာဖြင့် ရန်ကုန်မြို့သို့ မေ ၂ ရက်တွင် ရောက်ရှိခဲ့ကြောင်း၊ ရန်ကုန်မြို့ ဗျူးတီးလဲန်း(၂) ဟိုတယ်တွင် တည်းခိုခဲ့ကြောင်း၊ မေ (၃)ရက် ညပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဘက်သို့ အင်းယားကန်မှတစ်ဆင့် ရေကူးသွားရောက်ခဲ့ကြောင်း၊ ၎င်းနောက် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်အတွင်းသို့ တိတ်တဆိတ်လျှို့ဝှက်ဝင်ရောက်နေ

ထိုင်ခဲ့ကြောင်း၊ မေ (၅)ရက် ညပိုင်းချိန်မှသာ အင်းယားကန်အတွင်းမှရေကူး၍ ပြန်ထွက်လာစဉ် လုံခြုံရေးတပ်ဖွဲ့မှ တွေ့ရှိဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်ဟု သတင်းဖော်ပြပါရှိခဲ့သည်။

**၂၀၀၉ ခုနှစ်၊ မေလ (၁၁)ရက်**

ဒေါ်အောင်ဆန်းစုကြည်အား ၁၁–၅–၂၀၀၉ နေ့စွဲဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီး ဇော်မင်းအောင်က ဗဟန်းမြို့နယ်၊ စခန်းမှူးထံ အောင်ပါအတိုင်း အမှုဖွင့်အရေးယူပေးရန် တိုင်ကြားခဲ့သည်။

သို့

စခန်းမှူး
ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့စခန်း

ရက်စွဲ ၁၁–၅–၂၀၀၉

အကြောင်းအရာ။ ။ အမှုဖွင့်အရေးယူပေးပါရန်တိုင်ကြားခြင်း။

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၅၄/၅၆)နေ ဒေါ်အောင်ဆန်းစုကြည် (ဘ) ဦးအောင်ဆန်းအား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပုဒ်မ ၇ အရ ယင်း၏မူလအခွင့်အရေးများကို ကန့်သတ်မိန့်ထုတ်ပြန်၍ ပုဒ်မ ၁၀ (က) အရ ဖမ်းဆီးချုပ်နှောင်မိန့်၊ ၁၀ (ခ) / ၁၁ တို့အရ တားဆီးမိန့်နှင့် ပုဒ်မ ၁၃/၁၄ တို့အရ ဆက်လက်တားဆီးမိန့်များထုတ်ပြန်ပြီး ဒေါ်အောင်ဆန်းစုကြည်အား ကန့်သတ်တားဆီးခဲ့ပါသည်။

ထိုသို့ ကန့်သတ်မိန့်နှင့်တားဆီးမိန့်ထုတ်ပြန်၍ တားဆီးစဉ်အတွင်း ဒေါ်အောင်ဆန်းဆုကြည် နေထိုင်သည့် တားမြစ်ကန့်သတ်ထားသည့်နေရာ အိမ်ခြံဝင်းအတွင်းသို့ အမေရိကန်နိုင်ငံသား Mr Johm Willian Yattaw သည် ၃၀–၁၁–၂၀၀၈ ရက်နေ့ ညအချိန် ခြံအနောက်ဘက် အင်းယားကန်အတွင်းမှ ရေကူးပြီးသွားရောက်ကာ ခြံဝန်ဒေါ်ခင်ခင်ဝင်း (ဘ) ဦးတင်အုန်းနှင့် မဝင်းမမ (ဘ) ဦးဉာဏ်လင်းတို့နှင့်တွေ့ရှိ၍ Book of Mormon အမည်ရှိ စာအုပ်အား ဒေါ်အောင်ဆန်းစုကြည်ဖတ်ရှုရန် နေအိမ်ခြံဝင်းအတွင်း ချထားပေးခဲ့ကြောင်း၊ အလားတူ ၃–၅–၂၀၀၉ ရက်နေ့ ညအချိန်တွင် အင်းယားကန်အတွင်းရေကူးပြီး ဒေါ်အောင်ဆန်းဆုကြည်ခြံအတွင်းသို့ တိတ်တဆိတ်ဝင် ရောက်၍ ၅–၅–၂၀၀၉ ရက်နေ့ ညအချိန်ထိ နေအိမ်အတွင်း နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်မှ Mr Johm Willian Yattaw နှင့် လက်ခံစကားပြောခဲ့ခြင်း၊ အစားအသောက်များကျွေးမွေးခြင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့မှလည်း ဒေါ်အောင်ဆန်းစုကြည်၏ဆောင်ရွက်မှုအပေါ် အားပေးကူညီခဲ့ကြောင်း သိရှိရပါသည်။

သို့ပါ၍ ကန့်သတ်မိန့်နှင့်တားဆီးမိန့်များအား လိုက်နာခြင်းမရှိပဲ ဖောက်ဖျက်ကျူးလွန်သူ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပုဒ်မ ၂၂ ဖြင့်လည်းကောင်း၊ ထိုသို့ဖောက်ဖျက်ကျူးလွန်ခြင်းကို အားပေးကူညီခဲ့သော ဒေါ်ခင်ခင်ဝင်း (ဘ) ဦးတင်အုန်း၊ မဝင်းမမ (ဘ) ဦးဉာဏ်လင်း၊ Mr Johm Willian Yattaw တို့(၃)ဦးအား ယင်းဥပဒေပုဒ်မ ၂၂ / ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၉ အရလည်းကောင်း အမှုဖွင့်အရေးယူပေးပါရန် တိုင်ကြားအပ်ပါသည်။


× × × × ×
တိုင်ကြားသူ
လ ၅၈၂၉၄ ဒုရဲမှူးကြီး ဇော်မင်းအောင်
သတင်းတပ်ဖွဲ့

၂၀၀၉ ခုနှစ်၊ မေလ (၁၃)ရက်



ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ မေ ၁၁ ရက် ရက်စွဲပါ သံတမန်စာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဌာနသို့ လိပ်မူ၍ မေ ၆ ရက်က ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ တိတ်တဆိတ်လျှို့ဝှက်စွာဝင်ရောက်ခဲ့မှုကြောင့် ခေါ်ယူစစ်မေးခြင်းခံနေရသူ အမေရိကန်နိုင်ငံသား Mr. John William Yettaw အား ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ အခွင့်အရေးများအရ ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုပြုလုပ်လိုကြောင်း မေတ္တာရပ်ခံခဲ့ရာ ရန်ကုန်မြို့ အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန် (ကောင်စစ် ဝန်) Mr. Colin P. Furst နှင့် အဖွဲ့ဝင်တစ်ဦးတို့သည် မေ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်သပြေရိပ်သာ၌ Mr. John William Yettaw အား ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုပြုလုပ်ခွင့်ရရှိခဲ့သည်။

၂၀၀၉ ခုနှစ်၊ မေလ (၁၄)ရက်



နံနက် (၅)နာရီ၊ မိနစ်(၃၀)အချိန် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး နေအိမ်မှ အင်းစိန်အကျဉ်းထောင်သို့ ခေါ်ဆောင်သွားခဲ့သည်။ အင်းစိန်အကျဉ်းထောင်သို့ နံနက် (၇) နာရီ၊ (၁၅)မိနစ်တွင် ရောက်ရှိသွားသည်ဟု သိရသည်။




ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ်(၅၄/၅၆)နေ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၇ အရ ၎င်း၏မူလအခွင့်အရေးများကို ကန့်သတ်မိန့်ထုတ်ပြန်၍ ပုဒ်မ ၁၀ (က) အရ ဖမ်းဆီးချုပ်နှောင်မိန့်၊ ပုဒ်မ ၁၀ (ခ) / ၁၁ တို့အရ တားဆီးမိန့်နှင့် ပုဒ်မ ၁၃/၁၄ တို့အရ ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ပြီး ကန့်သတ်တားဆီးထားခဲ့ရာ ထိုသို့ ကန့်သတ်မိန့်၊ တားဆီးမိန့်များထုတ်ပြန်၍ တားဆီးထားစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နေထိုင်သည့် တားမြစ်ကန့်သတ်ထားသည့်နေရာ အိမ်ခြံဝင်းအတွင်းသို့ အမေရိကန်နိုင်ငံသား Mr. John William Yettaw သည် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက် ညအချိန်တွင် ခြံအနောက်ဘက် အင်းလျားကန်အတွင်းမှ ရေကူးပြီးသွားရောက်ကာ ခြံဝ၌ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့နှင့်တွေ့ရှိ၍ Book of Mormon အမည်ရှိ စာအုပ်ကို ဒေါ်အောင်ဆန်းစုကြည်ဖတ်ရှုရန် နေအိမ်ခြံဝင်းအတွင်း ချထားပေးခဲ့ကြောင်း၊ အလားတူ ၂၀၀၉ ခုနှစ် မေ ၃ ရက် ည အချိန်တွင် အင်းလျားကန်အတွင်းမှရေကူးပြီး ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ တိတ်တဆိတ်ဝင်ရောက်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw နှင့် လက်ခံစကားပြောဆိုခဲ့ခြင်း၊ အစားအသောက်များကျွေးမွေးခြင်းတို့ကိုပြုလုပ်ပြီး မေ ၅ ရက် ညအချိန်အထိ နေအိမ်အတွင်းနေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ကလည်း ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်မှုအပေါ် အားပေးကူညီမှုပြုခဲ့ကြောင်း၊ သို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးဇော်မင်းအောင်က တရားလိုပြုလုပ်၍ ကန့်သတ်မိန့်နှင့်တားဆီးမိန့်အား လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်သူ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပုဒ်မ ၂၂ အရလည်းကောင်း၊ ထိုသို့ဖောက်ဖျက်ကျူးလွန်သူကို အားပေးကူညီခဲ့ကြသည့် ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် Mr. John

William Yettaw တို့သုံးဦးအား ယင်းဥပဒေပုဒ်မ ၂၂/ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရလည်းကောင်း၊ မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ပြည်ဝင်ဗီဇာဖြစ်သော ကမ္ဘာလှည့်ဗီဇာဖြင့်လာရောက်ခဲ့သော်လည်း ဥပဒေအရ ကန့်သတ်တားမြစ်ထားသော စည်းကမ်းသတ်မှတ်ချက်ကိုဖောက်ဖျက်ခဲ့သူ Mr. John William Yettaw အား လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ အမှုဖွင့်အရေးယူပေးပါရန် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ (ပ) ၃၀၁/၂၀၀၉နှင့် (ပ) ၃၀၂/၂၀၀၉ တို့အရ တိုင်ကြားခဲ့သည်။

ထို့အတူ မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထူးကလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေပေးရေးနှင့် သန့်ရှင်းမှုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ (၄၀) အရ ပြဋ္ဌာန်းထားသည့် ကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ အင်းလျားကန်အတွင်း ရေကူးခြင်းမပြုရန် တားမြစ်ချက်ကို ဖောက်ဖျက်ခဲ့သူ Mr. John William Yettaw အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၈ အရ အရေးယူပေးပါရန် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သည်။

အဆိုပါ တရားစွဲဆိုလျှောက်ထားမှုနှင့် စပ်လျဉ်း၍ ခရိုင်တရားသူကြီး ဦးသောင်းညွန့်နှင့် ဦးညီညီစိုးတို့ ရုံးထိုင်သည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တရားစွဲတင်ပို့သည့် အမှုများနှင့် မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးက ဦးတိုက်လျှောက်ထားမှုတို့ကို ပြစ်မှုကြီးအမှတ် ၄၇/၂၀၀၉၊ ၄၈/၂၀၀၉ နှင့် ၄၉/၂၀၀၉ တို့အရ အမှုလက်ခံဖွင့်လှစ်ပြီး စစ်ဆေးကြားနာခဲ့သည်။ ရန်ကုန်မြောက်ပိုင်းခရိုင် ဥပဒေအရာရှိ ဦးမြင့်ကြိုင်က အဆိုပါအမှုများ တရားစွဲဆိုရခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားတင်ပြသည်။ ခရိုင်တရားရုံးက ဥပဒေအရာရှိ၏လျှောက်ထားချက်ကို ကြားနာပြီးနောက် တရားစွဲဆိုခံရသူများအား ရှေ့နေဖြင့်ထုချေနိုင်ကြောင်းအသိပေးကာ အမှုစစ်ဆေးရန် မေ ၁၈ ရက်သို့ ရွှေ့ဆိုင်းခဲ့သည်။

## ၂၀၀၉ ခုနှစ်၊ မေလ (၁၅)ရက်



ဒေါ်အောင်ဆန်းစုကြည်၏အမှုကို ရှေ့နေလိုက်ရန်ပြင်ဆင်နေသည့် တရားရုံးချုပ်ရှေ့နေကြီး ဦးအောင်သိန်း၏ ရှေ့နေလိုက်ခွင့်လိုင်စင်အား ည(၈)နာရီကျော်အချိန်တွင် အရပ်ဝတ်လုံခြုံရေးဝန်ထမ်းများ၊ ရယက ဥက္ကဋ္ဌနှင့် မြို့နယ်တရားသူကြီးတို့က နေအိမ်တွင်လာရောက်ပြီး သိမ်းဆည်း၍ လိုင်စင်သိမ်းသည်ကို လက်ခံသိရှိကြောင်း လက်မှတ်ရေးထိုးခိုင်းခဲ့သည်။

## ၂၀၀၉ ခုနှစ်၊ မေလ (၁၇)ရက်



ဒေါ်အောင်ဆန်းစုကြည် မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းအား ၇–၅–၀၉ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီး (၁၀)ရက်အကြာ ၁၆–၅–၀၉ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းထားရာမှ ပြန်လွှတ်ပေးခဲ့သည်။

## ၂၀၀၉ ခုနှစ်၊ မေလ (၁၈)ရက် (ပထမနေ့)

တရားစွဲဆိုခြင်းခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်ပါ (၄)ဦး ရုံးရှေ့ရောက်ရှိလာပြီး ဒေါ်အောင်ဆန်းစုကြည်အတွက် လိုက်ပါဆောင်ရွက်ရန် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်တို့ကလည်းကောင်း၊ ဒေါ်ခင်ခင်ဝင်းအတွက် လိုက်ပါဆောင်ရွက်ရန် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဒေါ်ခင်ဌေးကြွယ်၊ ဦးလှမျိုးမြင့်၊ ဦးဉာဏ်ဝင်းတို့ကလည်းကောင်း၊ မဝင်းမမအတွက် လိုက်ပါဆောင်ရွက်ရန် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဒေါ်ခင်ဌေးကြွယ်၊ ဦးလှမျိုးမြင့်တို့ကလည်းကောင်း၊ Mr. John William Yettaw အတွက် လိုက်ပါဆောင်ရွက်ရန် အထက်တန်းရှေ့နေ ဦးခင်မောင်ဦးကလည်းကောင်း ရှေ့နေကိုယ်စားလှယ်လွှဲစာများ တင်သွင်းခဲ့ကြသည်။ တရားရုံးက အမှုကိုဆက်လက်စစ်ဆေးရာ ညနေ ၃ နာရီအထိ အမှုတစ်မှုစီအတွက် တရားလိုပြသက်သေတစ်ဦးစီအား စစ်ဆေးခဲ့သည်။



## ၂၀၀၉ ခုနှစ်၊ မေလ (၁၉)ရက် (ဒုတိယနေ့)



ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန်နိုင်ငံသား Mr. John William Yettaw တို့အပေါ် အမှုဖွင့်စစ်ဆေးကြားနာမှုကို ယနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ဆက်လက် စစ်ဆေးကြားနာသည်။

ဒုတိယနေ့အဖြစ် ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ / ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ တို့အရ စွဲဆိုသည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီး ၄၇/၂၀၀၉ အမှုကို ဆက်လက်စစ်ဆေးကြားနာသည်။

ယင်းအမှုတွင် တရားလိုပြသက်သေဖြစ်သော မှုခင်းတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးမောင်မောင်ခင်အား ယနေ့တရားရုံးစတင်သည့် နံနက် ၁၀ နာရီတွင် ရှေးဦးစွာစစ်ဆေးခဲ့ရာ ၎င်းသည် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ဝင်ရောက်ခဲ့သူ အမေရိကန်နိုင်ငံသားအား စစ်ဆေးရကြောင်း၊ ထိုအမေရိကန်နိုင်ငံသားမှာ မီချီဂန်ပြည်နယ် ဒက်တွိုက်မြို့မှ Mr. John William Yettaw ဆိုသူဖြစ်ကြောင်း၊ ၎င်း၏ပြောကြားချက်အရ မေ ၂ ရက်တွင် ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှထုတ်ပေးသောဗီဇာဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိပြီး ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗျူးတီးလဲန်း(၂) ဟိုတယ်၌ တည်းခိုနေခဲ့ကြောင်း၊ မေ ၃ ရက် ည ၁၁ နာရီတွင် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်ခြံဝင်းအတွင်းသို့ တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားကန်ဘက်ခြမ်း ရေထုတ်မြောင်းအတွင်းမှရေကူး၍ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခြံဝင်းအတွင်း ရောက်ရှိပြီးနောက် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ ရောက်ရှိခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူနေထိုင်သော အမျိုးသမီးနှစ်ဦးတို့က လက်ခံတွေ့ဆုံစကားပြောခဲ့ကြောင်း၊ ၎င်းတို့သုံးဦးက ရေပုလင်း၊ ဘီစကွတ်၊ ကွတ်ကီးမုန့်များကိုကျွေးမွေးခဲ့ကြောင်း၊ ထမင်းနှစ်ကြိမ်ကျွေးခဲ့ကြောင်း။

Mr. John William Yettaw သည် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင်လည်း အင်းလျားကန်ဘက်မှနေပြီး ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ဝင်ရောက်ခဲ့မှုကို စစ်ဆေးသိရှိရကြောင်း၊ ထိုစဉ်က ဝင်ရောက်ချိန်တွင် အိမ်နောက်ဖေးတံခါးအနီး၌ Book of Mormon ဟူသော စာအုပ်ကို ထားရှိခဲ့သည်ဟု ၎င်း၏ပြောပြချက်အရသိရှိရကြောင်း၊ ထိုသို့ သိရှိရသဖြင့် အထက်အရာရှိသို့ ၎င်းက တင်ပြခဲ့၍ ရှာဖွေစေခဲ့ရာ အဆိုပါစာအုပ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ Mr. John William Yettaw ကိုဖမ်းဆီးရမိစဉ်က ၎င်းထံမှ ကင်မရာတစ်လုံးကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းကင်မရာအတွင်းမှ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ ရောက်ရှိခဲ့သည့် ဓာတ်ပုံမှတ်တမ်းကို တွေ့ရှိရကြောင်း၊ ၎င်းကိုယ်တိုင်ပါဝင်သည့် ရုပ်သံဗီဒီယိုမှတ်တမ်းကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း၊ Mr. John William Yettaw ထံမှ ထိုကင်မရာအပါအဝင် ပစ္စည်း(၂၁)မျိုးကိုလည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်အတွင်းမှ အထက်ဖော်ပြပါစာအုပ်အပါအဝင် ပစ္စည်း(၂၃)မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း ထွက်ဆိုအစစ်ခံခဲ့သည်ဟု သိရှိရသည်။

ထို့နောက် တရားရုံးက တရားလိုပြသက်သေ အမှတ်(၇)ရဲတပ်ရင်းမှ ရဲအုပ်သန်းနိုင်ကို ဆက်လက်စစ်ဆေးရာ ရဲအုပ်သန်းနိုင်က ၎င်းသည် ပြည်လမ်း တံတားဖြူမှတ်တိုင်အနီး ကန်သာယာဆေးရုံဟောင်း၌ အခြေပြုပြီး မေ ၄ ရက် နံနက်မှစတင်၍ လုံခြုံရေးတာဝန် ထမ်းဆောင်နေကြောင်း၊ မေ ၆ ရက် နံနက် ၅ နာရီခွဲတွင် အင်းလျားကန်စပ်ဘက်၌ လုံခြုံရေးတာဝန်ကျနေသည့် ရဲဒုတိယတပ်ကြပ်မျိုးလွင်က ၎င်းကို အင်းလျားကန်အတွင်း ပစ္စည်းထုပ်တစ်ခု မျောနေသည်ကိုတွေ့သည်ဟု လာရောက်သတင်းပို့ကြောင်း၊ ကမ်းစပ်သို့ သွားရောက်ကြည့်ရှုရာ ကမ်းစပ်နှင့်ကိုက်တစ်ရာခန့်တွင် အထုပ်ကို တွေ့ရှိရကြောင်း၊ အထုပ်နှင့်ကပ်ပါလာသူမှာ နိုင်ငံခြားသားတစ်ဦးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၎င်းအား ကုန်းပေါ်သို့ဆွဲတင်ပြီး ဘယ်သူလဲဟုမေးရာ Mr. John William Yettaw ဟု ပြောကြောင်း၊ ၎င်းနှင့်အတူ ရေသန့်ဘူးခွံ(၅)လီတာဝင်နှစ်ဘူး၊ အိတ်အသေးနှစ်လုံး၊ ပလတ်စတစ်ဖြင့် ရေမစိုအောင်ပတ်ထားသော ကင်မရာ၊ ပလာယာ၊ ဝက်အူလှည့်၊ လေဆာပါသည့် ခေါက်ပလာယာတစ်ခု၊ Memory Card ခြောက်ခု၊ ဓာတ်ခဲပါ ဓာတ်မီးတစ်လက်၊ ဓာတ်ခဲအလွတ်(၂၈)လုံး၊ ဦးထုပ်တစ်လုံး၊ အင်္ကျီအဖြူအရှည်တစ်ထည်၊ ဘောင်းဘီရှည်တစ်ထည်၊ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော စာရွက်ခုနစ်ရွက်၊ ပုံနှိပ်စာလုံးဖြင့် စာရွက်နှစ်ရွက်၊ စာအိတ်နှစ်အိတ်၊ Yettaw အမည်ပါ အမေရိကန်ပတ်စ်ပို့တစ်ခု၊ အမေရိကန် ဒေါ်လာတစ်ရာတန် နှစ်ရွက်၊ မြန်မာငွေကျပ်တစ်ထောင်တန် ၉၃ ရွက်၊ အမေရိကန်ဒေါ်လာ ၁၀ တန် နှစ်ရွက်၊ ၅၀ တန်တစ်ရွက်၊ လိပ်စာကတ် ၁၀ ခုတို့ကို တွေ့ရှိခဲ့ကြောင်း၊ Yettaw ထံမှရရှိသော ကင်မရာအတွင်းတွေ့ရှိသည့် Memory Card များကို ဖွင့်ကြည့်ရာ ဗိုလ်ချုပ်အောင်ဆန်း၏ ပန်းချီကားပုံ၊ ခွပ်ဒေါင်းပုံ၊ စာအုပ်စင်တို့ပါရှိသည်ကို တွေ့ရှိရကြောင်းဖြင့် ထွက်ဆိုအစစ်ဆေးခံထားသည်။

တရားလိုပြသက်သေ ရဲတပ်ရင်း(၇)မှ ရဲဒုတိယတပ်ကြပ်မျိုးလွင်ကို ဆက်လက်စစ်ဆေးရာ ၎င်းက တရားလိုပြသက်သေ ရဲအုပ်သန်းနိုင်ထွက်ဆိုသည့်အတိုင်း ထွက်ဆိုခဲ့သည်။

တရားလိုပြသက်သေ သတင်းတပ်ဖွဲ့ စစ်ဆင်ရေးဌာနခွဲမှ ဒုတိယရဲမှူး မောင်မောင်မြင့်ကို ဆက်လက်စစ်ဆေးရာ မေ ၆ ရက် နံနက် ၅ နာရီခွဲခန့်တွင် ရဲတပ်ရင်း(၇) တပ်ခွဲ(၃)မှ ရဲအုပ်သန်းနိုင်က ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်မှ အင်းလျားကန်ကိုဖြတ်ပြီး ရေကူးလာသော အမေရိကန်နိုင်ငံသား Mr. John William Yettaw အား လာရောက်ပို့အပ်ပေးသဖြင့် လက်ခံခဲ့ကြောင်း၊ Mr. John William Yettaw နှင့်အတူပါလာသော ပစ္စည်းများကို သက်သေ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသာစိန်၊ ဦးစိုးမြင့်တို့နှင့်အတူ ရှာဖွေသိမ်းဆည်းခဲ့ကြောင်း၊ ရှာဖွေသိမ်းဆည်းသည့်ပစ္စည်းတစ်ခုချင်းကို Mr. John William Yettaw အားပြသပြီးမှ ရှာဖွေပုံစံ၌စာရင်းရေးသွင်းသိမ်းဆည်းခြင်းဖြစ်ကြောင်းဖြင့် ထွက်ဆိုသွားသည်။

ယနေ့နံနက် ၁၀ နာရီမှစတင်၍ တရားရုံး၌ တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးခဲ့ရာ တရားလိုပြသက်သေ ဒုတိယရဲမှူးကြီး မောင်မောင်ခင်၊ ရဲအုပ် သန်းနိုင်၊ ရဲဒုတိယတပ်ကြပ် မျိုးလွင်၊ ဒုတိယရဲမှူး မောင်မောင်မြင့်၊ ရှာဖွေသက်သေ ဦးသာစိန်တို့ကို စစ်ဆေးသည်။

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် Mr. John William Yettaw တို့၏ တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်၊ ဒေါ်ခင်ဌေးကြွယ်နှင့် အထက်တန်းရှေ့နေ ဦးခင်မောင်ဦးတို့လည်း တရားရုံးသို့ရောက်ရှိ၍ ၎င်းတို့၏အမှုသည်များအတွက် လိုက်ပါဆောင်ရွက်ခဲ့ကြသည်။ တရားရုံးက အမှုစစ်ဆေးဆောင်ရွက်ချက်ကို ညနေပိုင်းတွင်ရပ်နားပြီး အဆိုပါအမှုများကို ဆက်လက်စစ်ဆေးကြား နာရန် မေ ၂၀ ရက်သို့ ချိန်းဆိုခဲ့သည်။



## ၂၀၀၉ ခုနှစ်၊ မေလ (၂၀)ရက် (တတိယနေ့)

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန်နိုင်ငံသား Mr. John William Yettaw တို့အပေါ် စွဲဆိုထားသည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉ အမှုကို ယနေ့ တတိယနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာသည်။

ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉ အမှုတွင် တရားလိုပြသက်သေ သတင်းတပ်ဖွဲ့ (ပြည်ပရေးရာဌာန)မှ ဒုတိယရဲမှူး စကျော်ဝင်းကိုစစ်ဆေးရာ ၎င်းသည် အထက်မှတာဝန်ပေးညွှန်ကြားချက်အရ မေ ၆ ရက် နံနက် ၁၀ နာရီ ၅ မိနစ်ခန့်တွင် Mr. John William Yettaw တည်းခိုနေထိုင်သည့် ကျောက်တံတားမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ ၃၃ လမ်း၊ အမှတ်(၁၈၈/၁၉၂)ရှိ ဗျူးတီးလဲန်း(၂)ဟိုတယ်သို့ သွားရောက်ခဲ့ကြောင်း၊ Mr. John William Yettaw တည်းခိုသည့် အဆိုပါဟိုတယ်၏ငါးထပ်ရှိ ဒိုင်းမွန်းအမည်တပ်ထားသောအခန်းသို့ သက်သေ ကျောက်တံတားမြို့နယ် (၁)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသိန်းနှင့် ရာအိမ်မှူး ဦးဌေးဦးတို့နှင့် အတူ ဝင်ရောက်ရှာဖွေခဲ့ကြောင်း။ အဆိုပါအခန်းအတွင်းတွင် Mr. John William Yettaw ၏ ကျောပိုးအိတ် အမည်းရောင်တစ်လုံးကိုတွေ့ရှိရပြီး ယင်းအိတ်ကို သက်သေများနှင့်အတူ ဖွင့်ဖောက်စစ်ဆေးရာ အိတ်အတွင်းမှ ပစ္စည်း ၆၁ မျိုးကို ရှာဖွေတွေ့ရှိရကြောင်း၊ ယင်းရှာဖွေတွေ့ရှိသည့်ပစ္စည်းများကို အဆိုပါဟိုတယ်မှ မန်နေဂျာ ဦးကျော်သူက ဟိုတယ်တွင်ပေးအပ်ကြောင်း၊ Mr. John William Yettaw အား စစ်ဆေးရာတွင် အဆိုပါပစ္စည်းများကိုပြသပြီး ၎င်း၏ပစ္စည်း ဟုတ်၊ မဟုတ် မေးမြန်းခဲ့ကြောင်း၊ ၎င်းက ဟုတ်မှန်ကြောင်းပြောကြားပြီး ၎င်းကိုယ်တိုင်ပင် လက်မှတ် ရေးထိုးပေးကြောင်း၊ Mr. John William Yettaw က ယင်းပစ္စည်းများအပြင် ၎င်းတည်းခိုနေသော ဟိုတယ်အခန်း အတွင်းရှိ တယ်လီဖုန်းစာအုပ်ထဲ၌ အမေရိကန်ဒေါ်လာ ၁၀၀ တန်သုံးရွက်လည်းရှိသေးသည်ဟု ပြောပြသဖြင့် ထိုနေ့ ညနေ ၆ နာရီ မိနစ် ၂၀ တွင် အဆိုပါဟိုတယ်သို့ ဒုတိယအခေါက်သွားရောက်ကာ သက်သေများ နှင့်အတူဝင် ရောက်ရှာဖွေခဲ့ကြောင်း၊ Mr. John William Yettaw ပြောသည့်အတိုင်း တယ်လီဖုန်းစာအုပ်ထဲမှ အမေရိကန်ဒေါ်လာ ၁၀၀ တန်သုံးရွက်တွေ့ရှိပြီး မန်နေဂျာ ဦးကျော်သူကပေးအပ်သဖြင့် မိမိကသိမ်းဆည်းခဲ့ကြောင်း၊ ရှာဖွေပုံစံ၌ Mr. John William Yettaw က ၎င်းကိုယ်တိုင်ရေးသားပြီး လက်မှတ်ရေးထိုးပေးခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

မွန်းလွဲပိုင်းတွင် တရားလိုပြသက်သေ ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဇော်ထွန်းကို ဆက်လက်စစ်ဆေးရာ ၎င်းသည် မေ ၇ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်တင်၊ ကျိုက္ကဆံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ညွန့်တို့နှင့်အတူ ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နေအိမ်မှာ ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၅၄/၅၆)၌ ရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ဝင်ရောက်ရာတွင် ဗဟန်းမြို့နယ် တရားသူကြီး၏ အိမ်ရှာဝရမ်းဖြင့် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ထံ ကြိုတင်အကြောင်းကြားပြီး ခွင့်ပြုသဖြင့် မိမိတို့ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့က ဒေါ်အောင်ဆန်းစုကြည်အား ဝရမ်းကိုပြသပြီးနောက် Mr. John William Yettaw ၏ ဓာတ်ပုံကိုပြသရာ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw အား သိပါသည်ဟု ပြောဆိုခဲ့ကြောင်း၊ မိမိတို့၌က Mr. John William Yettaw သည် အိမ်ကိုရောက်ရှိပါသလားဟုမေးရာ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw သည် မေ ၄ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ပြီး မေ ၅ ရက် ညပိုင်းတွင် ပြန်သွားသည်ဟု ပြောပြခဲ့ကြောင်း၊ Mr. John William Yettaw ၏ပစ္စည်းများ ကျန်ရစ်ခဲ့သည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က မိမိတို့အားပြောပြကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw ကျန်ရစ်ခဲ့သည့်ပစ္စည်းများကိုပြသရာ ပစ္စည်းတစ်ခုချင်းစီကို ထုတ်ယူကြည့်ရှုပြီး စာရင်းကောက်ယူခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw ပထမတစ်ခေါက်လာရောက်စဉ်က ကျန်ရစ်ခဲ့သောစာအုပ်များလည်း ကျန်ရှိသေးကြောင်း ပြောဆိုပေးအပ်သဖြင့် အဆိုပါစာအုပ်များကို သိမ်းဆည်းခဲ့ကြောင်း၊ မိမိက အခြားဘာပစ္စည်းများကျန်ရစ်ခဲ့ပါသေးလဲဟု မေးမြန်းရာ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw ၏သမီး ရေးသားပို့သည့်စာများ ကျန်ရှိသေးကြောင်း၊ ထိုစာရွက်များကို စုတ်ဖြဲထားပြီးဖြစ်ကြောင်း ပြောဆိုကာ အဆိုပါစာများကို စက္ကူအိတ်ဖြင့်ထည့်၍ပေးအပ်

သဖြင့် ရှာဖွေပုံစံတွင် စာရင်းရေးသွင်းသိမ်းဆည်းခဲ့ကြောင်း၊ မိမိသိမ်းဆည်းသည့်ပစ္စည်းများမှာ မွတ်ဆလင်အမျိုးသမီးများဝတ်ဆင်သော ခေါင်းစွပ်ပါအနက်ရောင် နှစ်ထည်၊ မျက်နှာကိုစည်းသည့် အနက်ရောင်ပဝါ နှစ်ထည်၊ စကတ်အရှည် နှစ်ထည်၊ အနီရောင်ဓာတ်မီး တစ်လက်၊ ပလတ်စတစ်အိတ်နှင့်ထည့်ထားသော ဖယောင်းရောင်စုံခဲတံခြောက်ချောင်း၊ နေကာမျက်မှန် သုံးလက်၊ ကြိုးနှင့်ဆိုင်း၍စည်းရသည့် (နဖူးတွင်တင်၍သုံးစွဲသောပစ္စည်း) မီးအချက်ပြ နှစ်ခု။ ရေကူးရာတွင်အသုံးပြုသည့် မျက်မှန် တစ်လက်၊ နှစ်ပင်ပလပ်ခေါင်း တစ်ခု၊ ဆားကစ်ကြိုး နှစ်ချောင်း၊ အားသွင်းစက် တစ်ခု၊ နားကြပ်တစ်ခု၊ ယင်းပစ္စည်းများထည့်ထားသည့် အနက်ရောင် ဇစ်ပါအိတ်၊ ဇစ်ပါသည့် ပလတ်စတစ်အိတ်တစ်ခု၊ မီးခိုးရောင် သိုးမွေးခြေအိတ်နှစ်စုံ၊ အင်္ဂလိပ်စာအုပ် အပိုင်းငါးပိုင်းနှင့် စုတ်ဖြဲထားသည့် စက္ကူများထည့်ထားသည့် အိတ်တစ်အိတ်တို့ကို သိမ်းဆည်းခဲ့ကြောင်း၊ အဆိုပါပစ္စည်းများကို အပ်ပေးသူအဖြစ် ဒေါ်အောင်ဆန်းစုကြည်က ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးပြီး ဒေါ်အောင်ဆန်းစုကြည်က သက်သေများရှေ့တွင် ကျွန်မတွင်တာဝန်ရှိကြောင်း၊ တာဝန်ယူပါသည်ဟု ပြောဆိုခဲ့ကြောင်း၊ ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw အိပ်ခဲ့သည့်နေရာသို့ မိမိတို့ကို လိုက်လံပြသကြောင်း၊ မိမိက Mr. John William Yettaw သည် မွတ်ဆလင်အမျိုးသမီးဝတ်စုံ အဝတ်အထည်များကို ဘာကြောင့်ထားခဲ့သလဲဟု ဒေါ်အောင်ဆန်းစုကြည်အား မေးမြန်းခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က အဆိုပါ မွတ်ဆလင်အမျိုးသမီးဝတ်စုံများကို ၎င်းအားလက်ဆောင်အဖြစ် Mr. John William Yettaw က ထားခဲ့ခြင်းဖြစ်သည်ဟု ပြောပြထွက်ဆိုသည်။

သက်သေခံပစ္စည်းများအနက် မွတ်ဆလင်အမျိုးသမီးဝတ်စုံ နှစ်စုံကို မအေးသရဖူကျော်နှင့် မဖြိုးပပအောင်တို့အား တရားခွင်ရှေ့တွင် ဝတ်ဆင်စေပြီး ထိုသို့ မွတ်ဆလင်အမျိုးသမီးဝတ်စုံနှင့် နေကာမျက်မှန်ကို ဝတ်ဆင်သွားလာပါက မည်သူမည်ဝါဖြစ်သည်ဟု သိနိုင်ခြင်း ရှိ/မရှိ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက တရားလိုပြသက်သေ ဒုတိယရဲမှူး တင်ဇော်ထွန်းအား မေးမြန်းခဲ့ရာ တရားလိုပြသက်သေက ထိုသို့ မွတ်ဆလင်အမျိုးသမီးဝတ်စုံကို နေကာမျက်မှန်ဖြင့် ဝတ်ဆင်သွားလာပါက မည်သူမည်ဝါဖြစ်သည်ကို သိနိုင်မည်မဟုတ်ကြောင်းကိုလည်း ရှင်းလင်းထွက်ဆိုသွားသည်။

အမှုကို တတိယနေ့အဖြစ် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် စတင်စစ်ဆေးပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ကြားနာစစ်ဆေးမှုကို ခေတ္တရပ်နားသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၅၂ နှင့် တရားရုံးလက်စွဲ အပိုဒ် ၄၈ (၁) အရ တရားခွင်အတွင်း ဘေးအန္တရာယ်ဖြစ်စေတတ်သော လက်နက်များ ကိုင်တွယ်ယူဆောင်လာခြင်းမပြုရ၊ သတ်မှတ်နေရာများမှအပ အခြားနေရာများသို့ သွားလာဝင်ထွက်ခြင်းမပြုရ၊ တရားခွင်အတွင်း အမှုသည်များနှင့် တွေ့ဆုံစကားပြောဆိုခြင်း၊ အသံဖမ်းယူခြင်း၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်းမပြုရဟူသော ကန့်သတ်ချက်များဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန် ၂၉ ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက် ငါးဦးနှင့် ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင် ငါးဦးတို့အား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက စစ်ဆေးကြားနာလျက်ရှိသည့် ပြစ်မှုကြီး အမှတ် ၄၇/၂၀၀၉၊ ၄၈/ ၂၀၀၉ နှင့် ၄၉/၂၀၀၉ အမှုတရားခွင်သို့ ဝင်ရောက်ကြည့်ရှုနားထောင်ခွင့်ပြုခဲ့သဖြင့် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် စစ်ဆေးကြားနာမှုကိုဆက်လက်ပြုလုပ်စဉ် ရန်ကုန်မြို့ရှိ သံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဌာနေကိုယ်စားလှယ်တို့ စုစုပေါင်း ၂၉ ဦး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်ငါးဦး၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်ငါးဦးတို့ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ လာရောက်ကြပြီး တရားလိုပြသက်သေ ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဇော်ထွန်းအားစစ်ဆေးနေမှုကို ကြည့်ရှုလေ့လာခွင့်ရခဲ့သည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်အား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်မှ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ အထိ အကျဉ်းဦးစီးဌာနရှိအရာရှိရိပ်သာ၌ စင်ကာပူသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သံတမန်များ သွားရောက်တွေ့ဆုံခွင့်ရခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အား အကျဉ်းဦးစီးဌာနရှိ အရာရှိရိပ်သာ၌ ထားရှိသည်ဟုဆိုသည်။







တရားလိုပြသက်သေ ဒုတိယရဲမှူးတင်ဇော်ထွန်းအား အဓိကစစ်မေးပြီးနောက် ၎င်းအား ပြန်လှန်စစ်မေးရန် အမှုကို မေ ၂၁ ရက် နံနက် ၁၀ နာရီသို့ ချိန်းဆိုခဲ့သည်။

## ၂၀၀၉ ခုနှစ်၊ မေလ (၂၁)ရက် (ကြာသပတေးနေ့)

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန်နိုင်ငံသား Mr. John William Yettaw တို့အပေါ် စွဲဆိုထားသည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်(၄၇/၂၀၀၉)အမှုကို ယနေ့ ကြာသပတေးနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာသည်။

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်(၄၇/၂၀၀၉)အမှုတွင် ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးဉာဏ်ဝင်းက တရားလိုပြသက်သေ ဒုတိယရဲမှူး တင်ဇော်ထွန်းအား ပြန်လှန်စစ်မေးသည်ကို ဖြေကြားရာတွင် မေ ၇ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ ရောက်ရှိကြောင်း၊ Mr. John William Yettaw ကျန်ရစ်ခဲ့သည့် ပစ္စည်းများကို ရှာဖွေသိမ်းဆည်းရန်နှင့် Mr. John William Yettaw ရောက်ရှိရသည့်အကြောင်း စုံစမ်းစစ်ဆေးရန် အတွက်ဖြစ်ကြောင်း၊ မိမိပစ္စည်းရှာဖွေသိမ်းဆည်းစဉ် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့က အနှောင့်အယှက်ပေးခဲ့ခြင်းမရှိကြောင်း၊ သက်သေခံပစ္စည်း မွတ်ဆလင်အမျိုးသမီးဝတ်စုံနှစ်စုံကို ရုံးရှေ့တွင် ဝတ်ဆင်ပြသကဲ့သို့ မိမိအနေဖြင့်ဝတ်ဆင်ခိုင်းကြည့်ပါသေးသလားဆိုလျှင် ဝတ်ဆင်ကြည့်ခိုင်းပါကြောင်း၊ ဓာတ်ပုံမှတ်တမ်းလည်း ရိုက်ထားပါကြောင်းဖြင့် ဒုတိယရဲမှူး တင်ဇော်ထွန်းက ရှင်းလင်းဖြေဆိုသည်။

ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့၏ရှေ့နေ ဦးလှမျိုးမြင့်က ပြန်လှန်စစ်မေးရာတွင် ဆက်လက်တားဆီးမိန့် သက်သေခံ(ခ–၂)အရ ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းအနေဖြင့် အခင်းဖြစ်သည့် နေရာတစ်ခုလုံးအတွက် လုံခြုံရေးတာဝန်ယူရသည်ဆိုလျှင် သီးခြားအဖွဲ့အစည်းများက အဓိက လုံခြုံရေးတာဝန်ယူပါသည်ဟု ရှင်းလင်းဖြေဆိုသည်။

Mr. John William Yettaw ၏ ရှေ့နေ ဦးခင်မောင်ဦးက ပြန်လှန်စစ်မေးသည်ကို ဖြေဆိုရာတွင် သက်သေခံပစ္စည်း မွတ်ဆလင်အမျိုးသမီးဝတ်သည့် ဝတ်စုံနှစ်စုံဟု ဘာကြောင့်ပြောနိုင်ပါသလဲဆိုလျှင် မွတ်ဆလင်အမျိုးသမီးများ အများဆုံးဝတ်သည့် ဝတ်စုံဖြစ်၍ ပြောခြင်းဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က ယင်းဝတ်စုံနှစ်စုံမှာ လက်ဆောင်ပေးခဲ့ခြင်းသာဖြစ်သည်ဟု ပြောကြောင်း ဒုတိယရဲမှူး တင်ဇော်ထွန်းက ရှင်းလင်းထွက်ဆိုသည်။

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်(၄၇/၂၀၀၉)အမှုမှ တရားလိုပြသက်သေ ဦးဇော်တင်ကို ဆက်လက်စစ်ဆေးရာတွင် ဦးဇော်တင်က ၎င်းသည် ဗဟန်းမြို့နယ် ငါးထပ်ကြီးရပ်ကွက်တွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သူဖြစ်ကြောင်း၊ မေ ၇ ရက် နံနက် ၅ နာရီခန့်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးကခေါ်သဖြင့် မိမိသွားရောက်ခဲ့ကြောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဇော်ထွန်းနှင့် တွေ့ရှိခဲ့ကြောင်း၊ နံနက် ၅ နာရီခွဲခန့်တွင် မိမိနှင့် ကျိုက္ကဆံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ညွန့်တို့သည် ဒုတိယရဲမှူး တင်ဇော်ထွန်းတို့နှင့်အတူလိုက်ပါသွားခဲ့ကြောင်း၊ တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ရောက်ရှိကြောင်း၊ ဒုတိယရဲမှူး တင်ဇော်ထွန်းက နေအိမ်အတွင်းသို့ ဝင်ခွင့်ရရှိရေးအတွက် ဆက်သွယ်ပြောကြားပြီးနောက် ဝင့်ခွင့်ရ

သဖြင့် ဝင်ရောက်ခဲ့ကြောင်း၊ ဒုတိယရဲမှူး တင်ဇော်ထွန်းက ဒေါ်အောင်ဆန်းစုကြည်အား ဓာတ်ပုံကိုပြသကာ သိပါသလားဟုမေးကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က သိပါသည်ဟုပြန်ပြောကြောင်း၊ ထိုနိုင်ငံခြားသားကျန်ရစ်သည့် ပစ္စည်းများကို ဒေါ်အောင်ဆန်းစုကြည်က အမျိုးသမီးငယ်တစ်ဦးအား သွားရောက်ယူခိုင်းကြောင်း၊ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်က တရားစာအုပ်တစ်အုပ် ကျန်ရှိသေးကြောင်းပြောပြီး အိမ်ပေါ်ထပ်သို့ တက်ရောက်ယူပေးကြောင်း၊ ထိုကဲ့သို့ရှာဖွေသိမ်းဆည်းသောပစ္စည်းများကို မိမိတို့၏ရှေ့မှောက်တွင်ပင်ရေတွက်ရေးသားကြောင်း၊ ပစ္စည်းအရေအတွက်မှာ ၂၃ မျိုးဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားသားတည်းခိုခဲ့သည့်အခန်းကိုလည်း ပြသပေးကြောင်း စသည်ဖြင့် ဒုတိယရဲမှူး တင်ဇော်ထွန်း၏ ထွက်ဆိုချက်များကို ထောက်ခံထွက်ဆိုသွားကြောင်း သိရှိရသည်။

ဆက်လက်၍ တရားလိုပြသက်သေ ဗျူးတီးလဲန်း(၂) ဟိုတယ်မန်နေဂျာ ဦးကျော်သူအား စစ်ဆေးရာတွင် ရန်ကုန်မြို့ ဗျူးတီးလဲန်း(၂)ဟိုတယ်သည် အမှတ်(၁၈၈/၁၉၂) (၃၃)လမ်း ကျောက်တံတားမြို့နယ်တွင်ရှိကြောင်း၊ မိမိတို့ဟိုတယ်တွင် Mr. John William Yettaw သည် နှစ်ကြိမ်တည်းခိုဖူးကြောင်း၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာ (၇)ရက်မှစတင်၍ ဒီဇင်ဘာ (၃)ရက်အထိတစ်ကြိမ်နှင့် နောက်တစ်ကြိမ်တွင် မေ (၂)ရက်မှစတင်၍တည်းခိုကြောင်း၊ Mr. John William Yettaw သည် မိမိတို့ဟိုတယ်၌ တစ်ရက်တည်းပြီး နောက်တစ်နေ့တွင် ငါးရက်စာအတွက် ကြိုတင်ငွေပေးသွင်းထားကြောင်း၊ ၎င်းသည် မေ (၃)ရက် ည ၁၀ နာရီခန့်တွင် ဟိုတယ်အခန်းသော့ကိုအပ်၍ သူငယ်ချင်းတစ်ဦးထံ သွားရောက်အိပ်မည်ဆိုပြီး ထွက်သွားကြောင်း၊ မေ (၄)ရက်နှင့် (၅)ရက်များတွင်လည်း လာရောက်အိပ်ခြင်းမရှိတော့ကြောင်း၊ မေ (၆)ရက် နံနက် ၁၀ နာရီကျော်ခန့်တွင် ဒုတိယရဲမှူး စကျော်ဝင်းနှင့် သက်သေလူကြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသိန်း၊ ရာအိမ်မှူး ဦးဌေးဦးတို့ရောက်ရှိလာသဖြင့် Mr. John William Yettaw တည်းခိုနေသည့်အခန်းသော့ကို ကောင်တာမှယူ၍ မိမိလိုက်ပြရကြောင်း၊ ထိုအခန်းအတွင်း၌ အဝတ်စင်ပေါ်တွင် အဝတ်အစားအချို့နှင့်အတူ အိပ်ကြီးတစ်လုံးလည်းတွေ့ရှိရကြောင်း၊ ထိုအိပ်ထဲမှ ပစ္စည်းများအပါအဝင် အခန်းအတွင်းရှိ ပစ္စည်းအားလုံး ၆၁ မျိုးတွေ့ရှိရကြောင်း၊ ထိုပစ္စည်းများကို အပ်ပေးသူအဖြစ် ရှာဖွေပုံစံ၌ လက်မှတ်ရေးထိုးပေးရကြောင်း၊ ထိုနေ့ ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် ဒုတိယရဲမှူး စကျော်ဝင်းတို့အဖွဲ့ ဟိုတယ်သို့ ပြန်လည်ရောက်ရှိလာပြီး Mr. John William Yettaw တည်းခိုသည့်အခန်းကို ထပ်မံကြည့်ရှု ရှာဖွေလိုသည်ဟု ပြောကြောင်း၊ မိမိက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသိန်း၊ ရာအိမ်မှူး ဦးဌေးဦးတို့အပါအဝင် လိုက်ပို့ပေးရကြောင်း၊ Mr. John William Yettaw ၏ပြောစကားအရ တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲတွင် ဒေါ်လာ ၃၀၀ ညှပ်ထားသည်ဟုပြော၍ လာကြည့်ခြင်းဖြစ်ကြောင်း၊ တယ်လီဖုန်းလမ်းညွှန်စာအုပ်အဖုံးအတွင်း ဒေါ်လာ ၁၀၀ တန်သုံးရွက်တွေ့ရှိရသဖြင့် မိမိက အပ်ပေးသူအဖြစ် သက်သေများရှေ့တွင် ရှာဖွေပုံစံပေါ်၌ လက်မှတ်ရေးထိုးပေးရကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

တရားလိုပြသက်သေ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးဥက္ကဋ္ဌ ဦးခင်ညွန့်ကိုဆက်လက်စစ်ဆေးရာ မေ ၇ ရက် နံနက် ၅ နာရီခွဲခန့်တွင် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဇော်ထွန်းနှင့်အတူ ဦးဇော်တင်လိုက်ပါလျက် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ရောက်ရှိခဲ့ကြောင်း၊ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ဒေါ်အောင်ဆန်းစုကြည်အိမ်အတွင်း ဝင်ရောက်ခွင့်ရရှိခဲ့ကြောင်း၊ ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဇော်ထွန်းက စာရွက်တစ်ရွက်နှင့် ဓာတ်ပုံတစ်ပုံကိုပြသ၍ ဓာတ်ပုံထဲကလူကို သိပါသလားဟုမေးရာ ဒေါ်အောင်ဆန်းစုကြည်က သိပါကြောင်းနှင့် ၎င်းနိုင်ငံခြားသား ကျန်ရစ်သောပစ္စည်းများ ဤအိမ်တွင်ရှိပါသလားဟုမေးရာ ဒေါ်အောင်ဆန်းစုကြည်က ရှိပါသည်ဟုပြောကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားသားကျန်ရစ်ခဲ့သောပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း၊ ယင်းပစ္စည်းများကို ရှာဖွေပုံစံပြုလုပ်၍ သိမ်းဆည်းခဲ့ကြောင်း၊ ပစ္စည်း ၂၃ မျိုးရှိကြောင်း၊ မိမိမှတ်မိသမျှမှာ မွတ်ဆလင်အမျိုးသမီးများ ဝတ်ဆင်လေ့ရှိသော အမည်းရောင်အင်္ကျီနှစ်ထည်၊ စကတ်နှစ်ထည်၊ မျက်နှာအုပ်ပဝါနှစ်ထည်၊ မျက်မှန်သုံးလက်၊ အနီရောင် လက်နှိပ်ဓာတ်မီးတစ်လက် အစရှိသည့် ၂၃ မျိုး တွေ့ရှိရပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က ယင်းပစ္စည်းများနှင့် စပ်လျဉ်း၍ မိမိတွင် တာဝန်ရှိပါသည်ဆိုပြီး ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးကြောင်း၊ ဒုတိယရဲမှူးတင်ဇော်ထွန်းက သိမ်းဆည်းသောပစ္စည်းများအနက် ဒါဘယ်သူ့ပစ္စည်းလဲဟုမေးရာ ဒေါ်အောင်ဆန်းစုကြည်က မိမိကို လက်ဆောင်ပေးသွားသော ပစ္စည်းဖြစ်ပါသည်ဟုပြောကြောင်း၊ မေ ၁၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မိမိတို့သည် ဒုတိယရဲမှူးသန်းစိုး၏ အကူအညီတောင်းခံချက်အရ

ဒေါ်အောင်ဆန်းစုကြည်၏အိမ်ရှေ့သို့ ချိန်းဆို၍သွားရောက်ခဲ့ကြောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် ခြံအတွင်းသို့ မိမိတို့အားလုံး ဝင်ခွင့်ရခဲ့ကြောင်း၊ မိမိတို့ဝင်ရောက်ချိန်တွင် မဝင်းမမက ပစ္စည်းများထုတ်၍ ထွက်လာချိန်နှင့် အဝင်ဝ၌ တွေ့ရှိကြောင်း၊ မိမိမှတ်မိသမျှ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ ပန်ကန်ပြားအဖြူတစ်ချပ်၊ ဇွန်းခက်ရင်းတစ်စုံ၊ ပုဆိုးနှစ်ထည်၊ တီရှပ်တစ်ထည်၊ မျက်နှာသုတ်စောင်အကြီး လေးထည်တို့ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က အဆိုပါပစ္စည်းများမှာ နိုင်ငံခြားသားရောက်ရှိစဉ် အသုံးပြုသွားသော ပစ္စည်းများဖြစ်သည်ဟု ပြောဆိုပေးအပ်ကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

တရားလိုပြသက်သေ ရဲမှူးအောင်ထွဋ်ကျော်အား ဆက်လက်စစ်ဆေးရာ ၎င်းသည် သတင်းတပ်ဖွဲ့ ပြည်ပရေးရာဌာန ကွန်ပျူတာဌာနတွင် တာဝန်ခံအဖြစ်ဆောင်ရွက်နေသူဖြစ်ကြောင်း၊ ဒုတိယရဲမှူး မောင်မောင်မြင့်က Mr. John William Yettaw ၏ ပစ္စည်းများဟုဆိုသော ပစ္စည်းများကို မိမိထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ယင်းပစ္စည်းများမှာ ကင်နွန်အမျိုးအစား ကင်မရာတစ်လုံးနှင့် Memory Card ခြောက်ခုတို့ ဖြစ်ကြောင်း၊ ၎င်းတို့အနက် Memory Card နှစ်ခုတွင် ဓာတ်ပုံ ၃၃၁ ပုံနှင့် အမေရိကန်နိုင်ငံသား Mr. John William Yettaw က ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း၌ မိမိကိုယ်ကိုယ် ရိုက်ကူးထားသည့် ရုပ်/သံ ဗီဒီယိုဖိုင်တစ်ဖိုင်တို့အား တွေ့ရှိရကြောင်း၊ ယင်း ရုပ်/သံ ဗီဒီယိုဖိုင်နှင့် ဓာတ်ပုံများမှာ ရေကူးရာတွင် အသုံးပြုသည့် ပုံချဲ့ထားသော ဖားဖိနပ်ပုံ၊ ရေကူးရာတွင် ဖားဖိနပ်အဖြစ် အဆင့်ဆင့်ပြုလုပ်ပုံ၊ Mr. John William Yettaw က ၎င်း၏ခြေထောက်တွင် စမ်းသပ်ဝတ်ဆင်ပုံ၊ Mr. John William Yettaw ရုပ်ဖျက်ထားသောပုံ၊ ဒေါ်အောင်ဆန်းစုကြည်အိမ်အတွင်းရှိ အောက်ထပ်ဧည့်ခန်းပုံနှင့် ဧည့်ခန်းအတွင်းရှိဓာတ်ပုံများကို ရိုက်ကူးထားသည့်ပုံများတို့ဖြစ်သည်ကို တွေ့ရကြောင်း၊ Mr. John William Yettaw က ညအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ရောက်ရှိစဉ်က ရိုက်ကူးထားသောပုံ၊ ဒေါ်အောင်ဆန်းစုကြည်၏အိမ်အတွင်းသို့ ရောက်ရှိနေကြောင်း မိမိကိုယ်မိမိ မှတ်တမ်းတင်ထားသောပုံများကိုလည်း တွေ့ရှိရကြောင်း၊ ယင်းပုံများကို ရုံးရှေ့တွင် ကွန်ပျူတာဖြင့်တင်ပြပါကြောင်း၊ ဗီဒီယိုမှတ်တမ်းပါအသံများမှာ "ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ရောက်ရှိနေပါတယ်၊ သူမ၏ဓာတ်ပုံကို ရိုက်လိုကြောင်း ခွင့်တောင်းပါတယ်၊ You Tube Website မှာ တင်ချင်လို့ပါ၊ ဒါပေမယ့် သူမကငြင်းဆန်ပါတယ်၊ သူမစိုးရိမ်ထိတ်လန့်နေလို့ ငြင်းဆန်တယ်လို့ထင်ပါတယ်။ လွန်ခဲ့သည့် နိုဝင်ဘာ ၃၀ ရက် ၂၀၀၈ ခုနှစ်က ကျွန်တော် သူမကို အခက်အခဲတွေဖြစ်အောင် မျိုးစုံလုပ်ခဲ့ပြီးပါပြီ၊ ကျွန်တော် မိသားစုကို ထားခဲ့ပါတယ်။ ကျွန်တော်နှင့်အတူ ဘုရားသခင်ရှိပြီး ကျွန်တော့်ကို ကာကွယ်စောင့်ရှောက်လိမ့်မည်ဟု ယုံကြည်ပါတယ်၊ ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်ကို လေးစားပါတယ်၊ သူမဓာတ်ပုံကို ကျွန်တော့်အား ပေးမရိုက်သည့်အတွက်လည်း ကျွန်တော် အပြစ်မတင်ပါဘူး၊ ရှေ့လျှောက်မှာ သူမအနေဖြင့် အခက်အခဲတွေ အများကြီး ကြုံရဦးမှာပါ၊ အဲဒီအချိန်မှာ ကျွန်တော် သူမကိုကူညီနိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ကျွန်တော် မနေ့ကလည်း ဒီအိမ်မှာပဲ အိပ်ခဲ့ပါတယ်၊ ဒီနေ့ဟာ မေလ ၆ ရက်နေ့ ဖြစ်ပါတယ်၊ မနေ့ညတစ်ညလုံးက ကျွန်တော်ထိုင်းနိုင်ငံဘက်ကို အမြန်ဆုံးပြန်သွားနိုင်ဖို့ မျှော်လင့်နေမိပါတယ်၊ ကျွန်တော် ဒီမှာနေခဲ့ရတာကို အများကြီးဂုဏ်ယူဝမ်းသာမိပါတယ်"ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ပြောကြားသည့်အသံကို ဘာသာပြန်၏ဘာသာပြန်ဆိုပေးချက်အရ သိရှိရကြောင်း စသည်ဖြင့် ကွန်ပျူတာပရိုဂျက်တာဖြင့် တင်ပြထွက်ဆိုသွားသည်။

ကျန်တရားလိုပြသက်သေများအား ဆက်လက်စစ်ဆေးရန်အတွက် မေ ၂၂ ရက် နံနက် ၁၀ နာရီသို့ ချိန်းဆိုလိုက်သည်။

## ၂၀၀၉ ခုနှစ်၊ မေလ (၂၂)ရက် (ပဉ္စမနေ့)

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ယနေ့ ပဉ္စမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက နံနက် ၁၀ နာရီတွင် စတင်ရုံးထိုင်ကာ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈/၂၀၀၉ အမှုမှ တရားခံ Mr. John William Yettaw အပေါ် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်

ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ စွဲဆိုသောအမှုမှ တရားလိုပြသက်သေ ကျောက်တံတားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြတ်သွင်ကို ဆက်လက်စစ်ဆေးသည်။

တရားလိုပြသက်သေ ဦးမြတ်သွင်က Mr. John William Yettaw ကို ၎င်းကိုယ်တိုင် တွေ့ဆုံမေးမြန်းကြောင်း၊ ထိုသို့ ကိုယ်တိုင်တွေ့ဆုံမေးမြန်းသည့် မေးမြန်းချက်များနှင့် Mr. John William Yettaw ကိုယ်တိုင် စာဖြင့်ရေးသားဖြေဆိုချက်များအရ သိရှိရသည်မှာ Mr. John William Yettaw သည် အမေရိကန်နိုင်ငံသား ဖြစ်ပြီး မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ပထမအကြိမ် ရောက်ရှိခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်ခြံဝင်းအတွင်းသို့ အင်းလျားကန်အတွင်းမှ ရေကူး၍ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပထမအကြိမ်အဖြစ် သွားရောက်ခဲ့ကြောင်း၊ ဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ မေ ၂ ရက်တွင်ရောက်ရှိခဲ့ပြီး မေ ၄ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်ခြံဝင်း အနောက်ဘက်သို့ အင်းလျားကန်အတွင်းမှ ရေကူး၍ဝင်ရောက်ခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခဲ့ရပါကြောင်း၊ ပထမအကြိမ်ဝင်ရောက်စဉ်က ဒေါ်အောင်ဆန်းစုကြည်နှင့်မတွေ့ခဲ့ရကြောင်း၊ ခြံဝင်းအတွင်းမှ မေ ၅ ရက် သန်းခေါင်ယံအချိန်တွင် ရေကူး၍ ပြန်လည်ထွက်ခွာလာရာ နံနက် ၅ နာရီခန့်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ရှိရကြောင်း၊ ယင်းထွက်ဆိုချက်များကို Mr. John William Yettaw ကိုယ်တိုင် စာဖြင့်ရေးသားဖြေဆိုခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားသားတစ်ဦးသည် ဗီဇာလျှောက်ထားစဉ်ကတည်းက ဗီဇာပါစည်းကမ်းချက်များကို လိုက်နာပါမည်ဟူသောဝန်ခံချက်ဖြင့် ဗီဇာလျှောက်လွှာတွင် လက်မှတ်ရေးထိုးပေးရကြောင်း၊ ဗီဇာတွင်ပါသော စည်းကမ်းချက်များမှာ မြန်မာနိုင်ငံ၏မူဝါဒနှင့် ဆန့်ကျင်မှုပြုခြင်း၊ တည်ဆဲဥပဒေစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ခရီးသွားဗီဇာဖြင့် ရောက်ရှိလာသော နိုင်ငံခြားသားများအား ကန့်သတ်တားမြစ်ထားသည့်နေရာများသို့ သွားရောက်မှုမပြုရခြင်း စသည်တို့ဖြစ်ကြောင်း၊ Mr. John William Yettaw က တားဆီးထားသည့် နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်ခြင်းသည် ဗီဇာပါစည်းကမ်းချက်များကို ဆန့်ကျင်ခြင်းဖြစ်ကြောင်း၊ အင်းလျားကန်အတွင်း ရေမကူးရဟုတားမြစ်ထားသည့်နေရာတွင် ရေကူးခြင်းတို့မှာ တည်ဆဲဥပဒေ၊ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ကြောင်း၊ Mr. John William Yettaw ၏ နိုင်ငံကူးလက်မှတ်အမှတ်မှာ ၄၃၉၇၆၇၇၂၂ ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ ခရီးသွားဗီဇာကို ၂၀၀၈ ခုနှစ်အောက်တိုဘာ ၂၇ ရက်တွင်ရယူ၍ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ရောက်ရှိပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ထိုင်းနိုင်ငံဗန်ကောက်မြို့သို့ ပထမအကြိမ် ပြန်လည်ထွက်ခွာသွားသည်ကို တွေ့ရကြောင်း၊ ဒုတိယအကြိမ်တွင် အထက်ပါနိုင်ငံကူးလက်မှတ်ဖြင့်ပင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာနိုင်ငံသံရုံးမှ ခရီးသွားဗီဇာ EVT (FTI) အမှတ်–၈၄၇ ကို ဧပြီ ၂၇ ရက်တွင်ရယူ၍ Bangkok Airway ခရီးစဉ်အမှတ် PG ၇၀၁ ဖြင့် မေ ၂ ရက်တွင် ရန်ကုန်မြို့သို့ဝင်ရောက်ခဲ့သည်ကို တွေ့ရကြောင်း၊ Mr. John William Yettaw သည် ဗီဇာပါစည်းကမ်းချက်များကို ဖောက်ဖျက်သဖြင့် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၄ (၁) ကို ချိုးဖောက်သောကြောင့် ယင်းအက်ဥပဒေပုဒ်မ ၁၃ (၁) အရ ပြစ်မှုကျူးလွန်ပါကြောင်း ထွက်ဆိုသည်။

ထို့နောက် တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ ရဲအုပ်မြင့်အေးကို ဆက်လက်စစ်ဆေးရာ မိမိသည် သတင်းတပ်ဖွဲ့ လေဆိပ်ဌာနတွင် တာဝန်ကျကြောင်း၊ လေဆိပ်သတင်းတပ်ဖွဲ့၏ တာဝန်များထဲမှ နိုင်ငံခြားသားဝင်ထွက်မှုကို မှတ်တမ်းရယူကာ စောင့်ကြည့်သတင်း တင်ပြသောတာဝန် ပါရှိကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း အမေရိကန်နိုင်ငံသား နိုင်ငံကူးလက်မှတ်အမှတ်–၄၃၉၇၆၇၇၂၂ ထုတ်ပေးရက်စွဲ ၂၈–၄–၂၀၀၈ နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားသူ Mr. John William Yettaw သည် ကမ္ဘာလှည့်ဗီဇာ EVT (FTI) ကိုင်ဆောင်၍ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၇ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဝင်ရောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် Bangkok Airway လေကြောင်းခရီးစဉ်အမှတ်–၇၀၂ ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ အဆိုပါ နိုင်ငံခြားသားသည် မေ ၂ ရက်တွင် Bangkok Airway ခရီးစဉ် အမှတ် PG ၇၀၁ ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း၊ အဆိုပါနိုင်ငံခြားသား ဝင်ရောက်ထွက်ခွာမှုကို လေဆိပ်လဝကမှ မိမိတို့သတင်းတပ်ဖွဲ့သို့ပေးပို့သည့် အကြောင်းကြားစာအရလည်းကောင်း၊ မိမိတို့ လေဆိပ်သတင်းတပ်ဖွဲ့ မှတ်တမ်းများအရလည်းကောင်း သိရှိရကြောင်း ထွက်ဆိုသည်။

ဆက်လက်၍ တရားလိုပြသက်သေ မြန်မာနိုင်ငံသတင်းတပ်ဖွဲ့ ပြည်ပရေးရာဌာနမှ ဒုတိယရဲမှူး စကျော်ဝင်းနှင့် ဗျူးတီးလဲန်း(၂) ဟိုတယ်မန်နေဂျာ ဦးကျော်သူတို့ကို ဆက်လက်စစ်ဆေးရာ ဒုတိယရဲမှူး စကျော်ဝင်းက Mr.

John William Yettaw တည်းခိုသည့် ဗျူးတီးလဲန်း(၂) ဟိုတယ်ငါးထပ်၌ ဒိုင်းမွန်းအမည်ရှိ အခန်းအတွင်း ကျန်ရစ်သော Mr. John William Yettaw ပိုင်ပစ္စည်း ၆၁ မျိုးနှင့် အမေရိကန်ဒေါ်လာ ၁၀၀ တန် သုံးရွက်တို့ကို သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဟိုတယ်မန်နေဂျာ ဦးကျော်သူက ၎င်း၏ဟိုတယ်တွင် Mr. John William Yettaw တည်းခိုခြင်းနှင့် ၎င်းပိုင်ပစ္စည်းများကို ဒုတိယရဲမှူး စကျော်ဝင်းအား ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉ အမှုတွင် ထွက်ဆိုခဲ့သည့်အတိုင်း ထွက်ဆိုသွားကြသည်။

ယင်းနောက် Mr. John William Yettaw အပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၈ အရ စွဲဆိုသော ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၉/၂၀၀၉ အမှုမှ တရားလိုပြသက်သေ မြန်မာနိုင်ငံ သတင်းတပ်ဖွဲ့မှ ရဲအုပ်ဖုန်းခေါ်ခိုင်အား ဆက်လက်စစ်ဆေးရာ မိမိသည် သတင်းတပ်ဖွဲ့ပြည်ပရေးရာဌာန ဘာသာပြန်ဌာနစိတ်တွင် တာဝန်ထမ်းဆောင်ကြောင်း၊ မိမိသည် မေ ၆ ရက် နံနက် ၈ နာရီခန့်တွင် ယခုရုံးရှေ့ရှိ နိုင်ငံခြားသား Mr. John William Yettaw အားမေးမြန်းရာ၌ ဘာသာပြန်ဆိုပေးရန်တာဝန်ပေးချက်အရ စစ်မေးခဲ့ရကြောင်း၊ နိုင်ငံခြားသားက မေးမြန်းချက်ကို နှုတ်ဖြင့်ဖြေဆိုသည့်အပြင် စာဖြင့်လည်းရေးသားပေးကြောင်း၊ မိမိအနေဖြင့် ဘာသာပြန်မေးမြန်းခြင်းကို ဒုတိယရဲမှူးကြီး မောင်မောင်ခင်နှင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ Mr. John William Yettaw က ၎င်း၏ လွတ်လပ်သောဆန္ဒအရ ဖြေဆိုခြင်းဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

မွန်းလွဲပိုင်းတွင် Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ အပေါ်စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉ အမှုမှ တရားလိုပြသက်သေ ဦးမြတ်သွင်ကို စစ်ဆေးသည်။ ဦးမြတ်သွင်က မိမိသည် ကျောက်တံတားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူးဖြစ်ကြောင်း၊ သက်သေခံ(ဂ–၂) Mr. John William Yettaw ၏ နိုင်ငံကူးလက်မှတ်အရ မြန်မာနိုင်ငံသို့ နှစ်ကြိမ်ဝင်ရောက်ခဲ့သည်ကို တွေ့ရကြောင်း၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ဝင်ရောက်လာပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း၊ ယခုအကြိမ်၌ မေ ၂ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ဝင်ရောက်လာကြောင်း၊ မေ ၃၀ ရက်အထိနေထိုင်ခွင့်ရှိသည်ကို တွေ့ရကြောင်း၊ မိမိက Mr. John William Yettaw ကိုစစ်ဆေးရာတွင် လွတ်လပ်စွာ ၎င်း၏သဘောဆန္ဒအတိုင်းပြောဆိုခြင်းဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

ထို့နောက် တရားလိုပြသက်သေ မြန်မာနိုင်ငံသတင်းတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်ထွန်းကို ဆက်လက်စစ်ဆေးရာတွင် ရုံးရှေ့ရှိ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ ကန့်သတ်မိန့်၊ တားဆီးမိန့်များနှင့် တားဆီးခံထားရသူဖြစ်ကြောင်း၊ ကန့်သတ်မိန့်ထဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသော မူလအခွင့်အရေးများထဲက ပုဒ်မ ၁၄၈ (ဂ)၊ ၁၅၇၊ ၁၅၈၊ ၁၅၉ (က) (ခ) နှင့် ၁၆၀ တို့တွင် ပါရှိသည့် မူလအခွင့်အရေးများကို ကန့်သတ်ထားခြင်းဖြစ်ကြောင်း၊ ယင်းသို့ ကန့်သတ်ထားသဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် မည်သူတစ်စုံတစ်ဦးကိုမျှ တွေ့ဆုံခြင်း၊ ဆက်သွယ်ခြင်း၊ လက်ခံစကားပြောဆိုခြင်း၊ ညအိပ်ညနေ တည်းခိုခွင့်ပြုလုပ်နိုင်သည့် အခွင့်အရေးများမရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ကျန်းမာရေးနှင့် လူမှုရေးကိစ္စအဝဝကို တောင်းဆိုလာသည့်အခါ မိမိတို့က ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပေးရကြောင်း၊ နိုင်ငံတော်ကခွင့်ပြုသည့်ကိစ္စများတွင် မိမိကပင် ဒေါ်အောင်ဆန်းစုကြည်ထံ ဆက်သွယ်ပြောကြားပြီး ပို့ပေးခြင်း၊ ကြိုပေးခြင်းကိစ္စအဝဝကို ဆောင်ရွက်ပေးရကြောင်း၊ ကန့်သတ်မိန့်ပြီးနောက် တားဆီးမိန့်ကို ထုတ်ပြန်ပါကြောင်း၊ တားဆီးမိန့်များထဲတွင်ပါသည့် အချက်များမှာ သံရုံးများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီများနှင့် ဆက်နွယ်သူများနှင့် မဆက်သွယ်ရန်၊ နေအိမ်မှအပ ပြင်ပသို့ ထွက်ခွင့်လုံးဝမပြုရန်၊ အခြားသို့ စာဖြင့်သော်လည်းကောင်း၊ စကားပြောကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်းမပြုရန်ဟု ပါရှိကြောင်း၊ တားဆီးမိန့်သက်တမ်း ပြည့်သွားသည့်အခါ ဆက်လက်တားဆီးမိန့် ထုတ်ပြန်ခဲ့ပါကြောင်း၊ ကန့်သတ်မိန့်သည် ပျက်ပြယ်ခြင်းမရှိသည့်အပြင် တားဆီးမိန့်များကို ဆက်လက်ထုတ်ပြန်သော်လည်း ကန့်သတ်မိန့်မှာ ဆက်လက်တည်မြဲလျက်ရှိကြောင်း၊ တားဆီးမိန့်တွင်ပါသည့် စည်းကမ်းချက်များကို ဒေါ်အောင်ဆန်းစုကြည်က ချိုးဖောက်ခြင်းမရှိပါဟု ၎င်း၏ရှေ့နေ ဦးဉာဏ်ဝင်းက မေးမြန်းရာတွင် တားဆီးမိန့်တွင်ပါသော အခြားသို့ စာဖြင့်သော်လည်းကောင်း၊ စကားပြောကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်းမပြုရန်ဆိုသည့်အချက်ကို ချိုးဖောက်ရာရောက်ကြောင်း၊ ထိုအချက်နှင့် စပ်လျဉ်း၍

အခြားမှ စာအုပ်များ၊ စာများ လာရောက်ဆက်သွယ်သည့် ဖြစ်စဉ်များနှင့် အကျုံးဝင်သည့်အတွက် တားဆီးမိန့်ကို ဖောက်ဖျက်ရာရောက်ကြောင်း ရှင်းလင်းထွက်ဆိုသည်။

ယင်းနောက် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉ တွင် တရားစွဲဆိုခြင်းခံရသူ ဒေါ်အောင်ဆန်းစုကြည် အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ အရလည်းကောင်း၊ ဒေါ်ခင်ခင်ဝင်းအပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ / ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၀၉ အရလည်းကောင်း၊ မဝင်းမမ (ခ) အငယ်လေးအပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ / ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အရလည်းကောင်း၊ Mr. John William Yettew အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၂၂ / ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရလည်းကောင်း စွဲချက်အသီးသီးတင်ခဲ့ရာ တရားစွဲဆိုခြင်းခံရသူများက အပြစ်မရှိကြောင်း ငြင်းဆိုကြသည်။

ထို့နောက်ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈/၂၀၀၉ တွင် တရားခံ Mr. John William Yettaw အပေါ် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး(အရေးပေါ် ပြဋ္ဌာန်းချက်များ)အက်ဥပဒေပုဒ်မ ၁၃ (၁) အရလည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၉/၂၀၀၉ တွင် ၎င်းအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၈ အရလည်းကောင်း စွဲချက်တင်ခဲ့ရာ တရားခံက အပြစ်မရှိကြောင်း ငြင်းဆိုသည်။

အမှုများကို ဆက်လက်စစ်ဆေးကြားနာရန်အတွက် မေ ၂၅ ရက်နံနက် ၁၀ နာရီသို့ ချိန်းဆိုခဲ့သည်။



“ အဲလိုမဟုတ်ဘူး။ **Procedure** တွေက ဒီလို။ အရင်ရှေ့ပိုင်းမှာက ရဲကတရားစွဲတင်ပို့ထားတာ။ ရဲက တရားစွဲတင်ပို့ထားတယ်။ ရဲပြတဲ့သက်သေတွေကို စစ်သွားတယ်။ စစ်သွားတဲ့အခါမှ စွဲဆိုတဲ့ဥပဒေနဲ့ ငြိစွန်းတဲ့၊ ထင်သာမြင်သာရှိတဲ့အချက် **Prima Facie Evidence** လို့ခေါ်တယ်။ ထင်သာမြင်သာရှိတဲ့အချက် ပေါ်တယ် ဆိုပြီးတော့ ဒါကို တရားရုံးရဲ့စွဲချက် **Court Charge** လုပ်လိုက်တာ။ အဲဒါက အခုလို စွဲချက်တင်ရင် စွဲချက်က **Format** ပုံစံရှိတယ်။ ပုံစံထဲမှာ မေးခွန်း(၂)ခွန်းမေးရတယ်။ ပုံစံအတိုင်း တရားရုံးကမေးတာ။ အပြစ်ရှိသလား၊ မရှိဘူးလား။ ဒါကို ဒေါ်အောင်ဆန်းစုကြည်ဖြေတယ်။ ဘာ့ကြောင့်အပြစ်မရှိဘူးလဲ။ ဒေါ်အောင်ဆန်းစုကြည်ကဖြေ တယ်၊ သူ့ပြစ်မှုမကျူးလွန်လို့။ **Format** မှာပါတဲ့ မေးခွန်း(၂)ခုပဲ။ ဒါ ဒေါ်အောင်ဆန်းစုကြည်ကို စစ်ဆေးတာမဟုတ် သေးဘူး။ မနေ့ကမှ စွဲချက်တင်တဲ့အချိန်မှ မေးရတယ်။ တခြားအချိန်မှာ မေးလို့မရဘူး။ မနေ့က စွဲချက်တင်တော့၊ မနေ့ကမေးတယ်။ ကျနော်တို့ အခု **Recall** လို့ခေါ်တယ်။ ပြန်ခေါ်သက်သေ၊ ကျနော်တို့ စစ်ပြီးသားသက်သေတွေ ထဲက ဘယ်သူတွေကို ပြန်စစ်ချင်သေးလဲဆိုတော့၊ ကျနော်တို့ (၅)ယောက်ခေါ်ထားတယ်။ နောက်တခုက တရားလိုပြ သက်သေက (၁၀)ယောက်လောက်ကျန်သေးတယ်၊ အစိုးရသက်သေပေ့ါ။ အဲဒီ(၁၀)ယောက်ကိုလည်းစစ်ရမယ်။ အခုန (၅)ယောက်ကိုလည်းစစ်ရမယ်။ ကျနော်တို့အမြင်က၊ ဥပဒေအမြင်က၊ အဲဒီ(၁၀)ယောက်ကို အရင်စစ်ရမှာ။ ပြီးတော့မှ ကျနော်တို့ ဒီ (၅)ယောက်ကိုစစ်ရမှာ။ အဲဒါတွေပြီးမှ ဒေါ်အောင်ဆန်းစုကြည်ဘက်ကို စပြီးတော့စစ်မှာ။ ”

“ ကန့်သတ်ချက်က သံရုံးတွေနဲ့ အဆက်အသွယ်မလုပ်ရဘူး။ နိုင်ငံရေးပါတီ၊ နိုင်ငံရေးနဲ့ဆက်နွယ်တဲ့သူတွေ နဲ့ အဆက်အသွယ်မလုပ်ရဘူး။ ဒါ **Communication** ပေ့ါ။ နောက်တခုက ဒီအိမ်မှာပဲနေရမယ်။ ဒီအိမ်ကနေပြီး တော့ အပြင်ကို၊ အခြားသို့ စာအဆက်အသွယ်၊ စကားပြောကြေးနန်းအဆက်အသွယ် မလုပ်ရဘူး။ အဲဒါပဲ၊ ကန့် သတ်ချက်က။ ဒါ သူတို့ စာရွက်နဲ့၊ သူတို့ထုတ်တဲ့အမိန့်မှာပါတဲ့ ကန့်သတ်ချက်တွေ။ ကျနော်တို့ ဥပဒေမှာရေးတာ က၊ အခြားသို့၊ “အခြား”ဆိုတာ အပြင်ကိုလေ။ အပြင်ကအထဲကိုက ဥပဒေကန့်သတ်ချက်၊ သူတို့ကန့်သတ်ချက်ထဲ မှာ မပါဘူး။ ဒါပေမယ်လို့ ဒါ အကျုံးဝင်ပါတယ်ဆိုပြီးတော့၊ သူတို့သက်သေတွေက ဒီလိုထွက်နေတာ။ ဒါပဲ။ အကျုံး ဝင်ရအောင် အဲဒီအကျုံးဝင်တယ်ဆိုတဲ့စကားလုံးတွေ၊ တခုမှမပါဘူး။ အခုလက်ရှိက ဖမ်းတာမဟုတ်သေးဘူးဆိုတာ မှားတယ်။ အခုဟာ ဖမ်းထားတာ။ တရားရုံးက အာမခံချက်မပေးထားတဲ့အတွက် ဒါ ဖမ်းထားတာ။ အဲဒီတော့ ပထမကိစ္စ၊ ၁၀ (ခ) ကိစ္စက (၂၇)ရက်နေ့စေ့ပြီးရင် ဒါ မရှိတော့ဘူး။ မရှိတော့ပေမယ့်၊ သူက ဖမ်းထားတာမို့လို့ ဒီ အတိုင်းပဲနေရမှာ။ ပြောဖို့မလိုဘူး၊ ကျနော်တို့ ဒီဥပဒေလုပ်ထုံးလုပ်နည်းတွေအရ ဒါ ဖမ်းထားတာ။ ”

ဦးဉာဏ်ဝင်း
အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ
(ဒီမိုကရက်တစ်မြန်မာ့အသံ၊ တနင်္ဂနွေသတင်းအစီအစဉ်၊ ၂၄–၅–၀၉ မှ . . .)



'' စစ်ပြီးသားသက်သေထဲက (၅)ဦး ကျနော်တို့ ပြန်ခေါ်ထားတယ်။ တရားလိုပြသက်သေကလဲ (၁၀)ဦးကျန်တယ်။ အဲဒါတွေ စစ်ပြီးမှ ဒေါ်အောင်ဆန်းစုကြည်ဘက်က ခုခံတဲ့အပိုင်းကို ရောက်မယ်။ ''

ဦးဉာဏ်ဝင်း
အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ
(လွတ်လပ်တဲ့အာရှအသံ၊ ၂၄-၅-၀၉ မှ . . .)

ကျနော် သုံးသပ်ချင်တဲ့ သဘောကတော့ ဒီလိုဗျာ . . . ကျနော်တို့ ဒီအမှုက ခုဟာက တော်တော်လေးကို နေရင်းထိုင်ရင်း ဖြုံးဒိုင်းဆိုပြီးတော့ တဝက်ကျိုးသွားပြီလို့ ပြောရမှာပေ့ါဗျာ။ ဘာဖြစ်လို့တုန်းဆိုတော့ အဲ လွန်ခဲ့တဲ့ အပတ်တုန်းက တနင်္လာနေ့မှာ စစစ်တယ်၊ သောကြာနေ့လဲရောက်ရော ဒီအမှုဟာ စွဲချက်တင်ပစ်လိုက်တယ်ဗျာ။ အဲ ဒီတော့ ဒေါ်စုက ဒီနေ့ဆိုလို့ရှိရင် တရားခွင်ရှေ့မှောက်မှာရောက်နေတဲ့ တရားခံတဦးအဖြစ်ကို ရောက်သွားပြီပေ့ါ။ တရားစွဲခံရတဲ့သူသက်သက် မဟုတ်တော့ဘူး။ ထောင်ကျနိုင်တဲ့အနေအထားကို ရောက်သွားပြီပေ့ါဗျာ။

အဲဒီတော့ ဆိုလိုတာတော့ ကျနော်တို့ဟာ ခု ဒီဟာနဲ့ပတ်သက်ပြီးတော့ ဇာတ်လမ်းရဲ့ တဝက်ကျိုးသွားပြီ။ နောက်ပိုင်းအခြေအနေရောက်တော့မယ့်ဟာ ဖြစ်နေတယ်။

အဲဒီတော့ အဲဒီလိုအခြေအနေမျိုးမှာ ကျနော်ကတော့၊ ပြောချင်တာကတော့ နောက်ပိုင်းဘာဖြစ်လာမလဲ ဆိုတာကို မေးလို့ရှိရင် တိုတိုလေးပဲပြောလို့ရတယ်၊ ဘာနဲ့တူသလဲ ဆိုလို့ရှိရင် ကျနော်တို့ ဇာတ်သိမ်းခန်းကိုသိပြီးတဲ့ ဝတ္ထုဖတ်နေရသလို ဖြစ်မှာပဲလို့ ကျနော်ပြောချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဘာဖြစ်လာမလဲဆိုတာ ကျနော်တို့အကုန်လုံး သိနေတာပဲဗျာ။ ဘာဖြစ်တော့မယ်ဆိုတာ ခု ဇာတ်လမ်းတဝက်ကျိုးတာနဲ့တပြိုင်နက်ထဲ ကျနော်ကသိပြီ၊ သိသာပြီပေ့ါ။ ထားလိုက်တော့ . . .

အဲဒီတော့ ကျနော်ပြောချင်တာကတော့ ဇာတ်လမ်းရဲ့အစကို ကျနော်ပြောချင်တယ်။ ဒီစကားကို ပြောရတဲ့ အကြောင်းက ဒါမှသာလျှင် ဒီဇာတ်လမ်းဟာ ဘာဇာတ်လမ်းလဲ၊ ဘယ်လိုဇာတ်လမ်းလဲ၊ ဘယ်သူတွေကဖန်တီးတဲ့ ဇာတ်လမ်းလဲ၊ ဘယ်လိုဖြစ်မှာလဲဆိုတာ ကျနော်တို့ မှန်းလို့ရမယ်။ အဲဒီတော့ ဇာတ်လမ်းရဲ့အစကိုပဲ ကျနော်ပြောချင်တယ်။

ကျနော် အကြိမ်ကြိမ်ပြောပါတယ်။ ဒီဇာတ်ကြီးဟာ ဟုတ်လား၊ တမင်လုပ်ကြံဖန်တီးတာ၊ ဟိုတနေ့က မီဒီယာမှာ ပုဂ္ဂိုလ်တယောက်ပြောသွားတယ်၊ ဒါ ဘိန်းပစ်ဖမ်းသလို လုပ်တဲ့ကိစ္စပဲ။ ဘာဖြစ်လို့ အစကို ကျနော်တို့ပြောရသလဲဆိုတော့ . . . အစကိုက ဘိန်းပစ်ဖမ်းတဲ့ဟာ ဖြစ်နေတယ်။

အဲဒီ ဘိန်းပစ်ဖမ်းတဲ့ဟာတွေမှာ အကြောင်းအချက်တွေ အများကြီးရှိတဲ့အထဲမှာ (၁)က ဘာပြောချင်သလဲ ဆိုတော့ ဒီအမှု ပေါ်ပေါက်လာတဲ့အချိန်ဟာ ဒေါ်စုအနေနဲ့ လွတ်ရတော့မယ့်ရက်၊ ရက်ပိုင်းလိုတော့တယ်။ ဒီအမှု တရားခွင်ပေါ်ရောက်လာတယ်။ ရက်ပိုင်းလိုတော့တယ်၊ (၂၇)ရက်နေ့မှာ လွတ်ရမယ်။ ဒီအချိန်မှာရောက်လာတယ်။ ဒါ (၁)ပေ့ါဗျာ။

(၂)က ကျနော်တို့တွေအကုန်လုံးက ဒီ အင်န်အယ်လ်ဒီ အပါအဝင် ပြင်ပနိုင်ငံရေး'ဂွင်'တွေ အကုန်လုံးက နေပြီးတော့ တောင်းဆိုနေတာက၊ ဘာလဲဆိုတော့ ကျနော်တို့တွေ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ကြပါစို့။ တွေ့ဆုံဆွေးနွေးပွဲလုပ်ပြီးတော့ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းအားဖြင့် ဖြေရှင်းကြပါစို့။ နော်၊ အဲဒီကနေပြီးတော့တဆင့် ကျနော်တို့ဟာ ဥပမာဆိုတော့ ဒီအချက်တွေ၊ ဒီအချက်တွေ၊ ဒီအချက်တွေများ လိုက်လျောညီထွေလုပ်မယ်ဆိုရင် ကျနော်တို့ဟာ ရွေးကောက်ပွဲတောင်မှ ဝင်ဖို့ရည်ရွယ်ချက်ရှိပါတယ်ဆိုတဲ့ အပြေပြစ်ဆုံး၊ အလိုက်လျောဆုံး၊ အပြုသဘောအဆောင်ဆုံး၊ အသံတွေ ပေါ်ထွက်နေတဲ့အချိန်ပေ့ါဗျာ။

ဒီအချိန်အခါမျိုးမှာ ဒေါ်စုကို ဒီလိုထောင်ထဲသွင်းပြီး၊ ထောင်ထဲကိုပြန်သွင်းဖို့ လုပ်လိုက်ခြင်းဟာ တဖက်က ကြည့်ရင် ဒီဇာတ်လမ်းအစမှာကို ဘာတွေ့ရသလဲဆိုတော့ ကျနော်တို့ဆင်ထားတဲ့ နိုင်ငံရေးအကွက်၊ နိုင်ငံရေး'ဂွင်'၊ နိုင်ငံရေးအလားအလာတွေအကုန်လုံးကို ရိုက်ချိုးဖျက်ဆီးလိုက်တဲ့သဘော ဖြစ်နေတယ်လို့ ကျနော်ပြောချင်ပါတယ်။ ဒါက အစပေ့ါဗျာ နော်။



နောက်တခုက ဒီအစမှာပဲ ကျနော်တို့က ဘာပြောနိုင်သေးသလဲဆိုတော့ ဒီအစကို ကျနော်တို့ ဘယ်လို ကိုင်တွယ်မလဲ၊ ဒီအမှုနဲ့ပတ်သက်ပြီးတော့ ဘယ်လိုလုပ်ကြမလဲလို့ စဉ်းစားတဲ့အခါမှာ ကျနော်တို့က ဒေါ်စုဟာဖြင့်တော့ တရားဥပဒေအတိုင်း တရားခွင်ရှေ့ကို ရောက်နေတယ်။ အဲဒီကမှ ကျနော်တို့က ရှေ့နေရှေ့ရပ်နဲ့ ကူညီမယ်။ တရားဥပဒေအရ မှားယွင်းနေတယ်ထင်တာတွေကို ကျနော်တို့ ကန့်ကွက်မယ်။ ဒါဆိုရင် ပြီးရော၊ နိုင်ငံရေးကိစ္စ 'ဂွင်' ကသပ်သပ်၊ နိုင်ငံရေး 'ဂွင်' က သူ့ဖာသာသူသွားနေတယ်လို့ ယူဆတဲ့သူတွေ ရှိတယ်။ ကျနော်တို့လက်မခံနိုင်ဘူး ခင်ဗျ။ လက်မခံနိုင်ဘူး။ ဒါ မှားယွင်းတယ်လို့ပဲ ကျနော်တို့ပြောချင်တယ်။ ဘာပြုလို့လဲဆိုတော့ ဒေါ်စုဟာ ဒေါ်အောင်ဆန်းစုကြည်ဆိုတော့၊ သာမန်အမျိုးသမီးတယောက် မဟုတ်ဘူး။ နိုင်ငံရေးခေါင်းဆောင်ဗျ။ အဖွဲ့ချုပ်ရဲ့ခေါင်းဆောင်၊ လူထုရဲ့ခေါင်းဆောင်၊ ဒီမိုကရေစီခေါင်းဆောင် ခင်ဗျ။

နောက် ဖြစ်ပေါ်နေတဲ့ အခြေအနေကလဲ နိုင်ငံရေးအခြေအနေတွေ၊ ရွေးကောက်ပွဲတို့၊ ဘာတို့ လာတော့မယ့်အချိန်ကို ရောက်နေတဲ့အချိန်မှာ ပေါ်ပေါက်လာတဲ့ကိစ္စ။

ဒါကြောင်း ဒီကိစ္စကို ကျနော်တို့က သီးခြားစီလို့ ပြောလို့မရဘူး။ ဒေါ်စုအမှုဟာ နိုင်ငံရေးအမှု၊ ဒေါ်စုရဲ့အမှုဟာ ဒီနေ့နိုင်ငံရေးရဲ့ အရေးအကြီးဆုံး ပေါ်ပေါက်နေတဲ့ပြဿနာပဲလို့ ကျနော်တို့က ဒီလိုသတ်မှတ်တယ်။

အဲဒီတော့ ကောင်းပြီ၊ အဲဒီပြဿနာ ဘယ်ကပေါ်လာသလဲ၊ ဘာဖြစ်လို့ ဒီအစမှာ ဒီဟာကြီးက လုပ်ကြံတဲ့ဟာ၊ လုပ်ကြံတဲ့အမှုကြီး၊ ဖန်တီးတဲ့အမှုကြီး၊ ဘိန်းပစ်ဖမ်းတဲ့အမှုကြီးလို့ ဘာဖြစ်လို့ပြောလဲဆို တခြား များများ မပြောချင်ဘူးဗျ။ ဘာဖြစ်လို့ ဒီ မစ္စတာယက်တောဆိုတဲ့ပုဂ္ဂိုလ်ကို ဘာဖြစ်လို့ ဗီဇာပေးသလဲ၊ ဒီပုဂ္ဂိုလ်ဟာ ဗမာပြည်ကို ပြီးခဲ့ တဲ့နှစ်က ရောက်ခဲ့တယ်။ ရောက်တာ ရိုးရိုးမရောက်ဘူး၊ အင်းလျားကန်ကိုရေကူးသေးတယ်ဗျာ၊ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်အိမ်ကို ရောက်သေးတယ်ဗျာ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကလဲ ဒေါက်တာတင်မျိုးဝင်း အိမ်ကိုလာရောက်ပြီး ကျန်းမာရေးစစ်ဆေးတဲ့အချိန်နဲ့ ကြုံကြိုက်တဲ့အခိုက်မှာ ဒီကိစ္စကို ပြည်ထဲရေးဌာနကို အကြောင်းကြားပါလို့ ပြောပြီးသား။ ဒါကြောင့် ပြည်ထဲရေးဌာနကလဲ သိပြီးသား။ မစ္စတာယက်တောဆိုတဲ့လူက ဘယ်လို၊ ဒီလူဟာ ဘယ်လိုရေကူးတတ်သလဲ၊ ဒီလူဟာ ဘယ်လို ဒေါ်အောင်ဆန်းစုကြည်အိမ် သွားတတ်သလဲဆိုတာ ကို ဒီအစိုးရက ကောင်းကောင်းသိပြီးသား။

အဲဒီလို သိလျက်သားနဲ့ ဘာဖြစ်လို့ ဒီလူ့ကို ဒီနှစ် တနှစ်မပြည့်သေးဘူးဗျာ၊ မနှစ်တုန်းက နိုဝင်ဘာလတုန်းက ဒီလူကရောက်ခဲ့တယ်။ အခု ဒီ ဟိုဒင်းလောက်ပဲရှိသေးတယ်၊ လေး၊ ငါး၊ ခြောက်လပဲရှိသေးတဲ့ အတောအတွင်းမှာ ဒီလူဟာ ဗမာပြည်ကိုပြန်ဝင်လာနိုင်တယ်။

ဘာဖြစ်လို့ ဝင်လာနိုင်သလဲ။ ဗီဇာပေးလို့ ဝင်လာနိုင်တယ်။ ကောင်းပြီ ဗီဇာပေးလို့ဝင်လာနိုင်တယ်ဆိုရင် ဘာဖြစ်လို့ ဒီနိုင်ငံခြားရေးဌာနဟာ ဒီလူ့အကြောင်းကိုမသိဘူးလား။ သိလျက်သားနဲ့ ဖွင့်ပေးလိုက်သလား၊ လွှတ်ပေးလိုက်သလား၊ ဗမာပြည်ကို ပို့လိုက်သလား။ အဲဒီလိုဆိုရင် လုပ်ကြံတဲ့တရားခံဟာ ဘယ်သူလဲ၊ ဟိုနေ့က ဝန်ကြီးဦးညဏ်ဝင်းပြောသွားသလို ပြင်ပဒီမိုကရေစီအင်အာစုများပေါ့ဗျာ၊ သို့မဟုတ်လဲ နအဖ ဆန့်ကျင်ရေးအင်အားစုများကနေပြီးတော့ သူ့ကိုပဲ အဲဒီအင်အားစုများကပို့လိုက်သလို ပြောနေတဲ့ဟာ အဲဒါ လုံးဝမဟုတ်ဘူးခင်ဗျ။

ဒါ တရားခံ၊ (၁)တရားခံ၊ သူ ထွက်လာတဲ့ (၁)တရားခံဟာ ဒီအစိုးရပါဘဲ။ ဇာတ်လမ်းရဲ့ အစရဲ့ အစပဲဖြစ်တယ်လို့ ကျနော်ပြောချင်တယ်။

ဒါ့ကြောင့် ဒီအမှုကြီးဟာ စဖြစ်ကထဲက နိုင်ငံရေးလုပ်ကြံမှု၊ ဘိန်းပစ်ဖမ်းသလို ဖမ်းတဲ့အမှု၊ လူပုဂ္ဂိုလ်တဦးရဲ့ လွတ်လပ်ခွင့်တွေကို အမျိုးမျိုး ဆက်ဆက်၊ ဆက်ဆက်၊ ဆက်ဆက် ပြီးတော့ နှစ်ပေါင်းများစွာ ဆက်ပြီးတော့ ချုပ်နှောင် ချုပ်တည်း ဟန့်တားထားဖို့အတွက် ဖန်တီးတဲ့ ဖန်တီးချက်ဖြစ်တယ်လို့ ကျနော် ပထမပြောချင်ပါတယ်။

ဦးဝင်းတင်
(လွတ်လပ်တဲ့အာရှအသံ၊ တနင်္ဂနွေစကားဝိုင်း၊ ၂၄–၅–၂၀၀၉ မှ . . .)

■

## ၂၀၀၉ ခုနှစ်၊ မေလ (၂၅)ရက် (ဆဋ္ဌမနေ့)

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ယနေ့ ဆဋ္ဌမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက နံနက် ၁၀ နာရီတွင် စတင်ရုံးထိုင်ကာ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉ မှ ပြန်ခေါ်သက်သေ ဒုတိယရဲမှူးကြီးဇော်မင်းအောင်အား စတင်စစ်ဆေးသည်။

ဒုတိယရဲမှူးကြီးဇော်မင်းအောင်အား ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးညဏ်ဝင်းက ပြန်လှန်စစ်မေးရာတွင် မိမိထွက်ဆိုထားသော ကန့်သတ်သည့် ပုဒ်မ ၁၄၈ (ဂ)၊ ၁၅၇၊ ၁၅၈၊ ၁၅၉ (က)၊ ၁၅၉ (ခ) နှင့် ၁၆၀ တို့ သည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မများဖြစ်သည်ဆိုလျှင် မှန်ကြောင်း၊ ယင်းကဲ့သို့ ကန့်သတ်မိန့်နှင့် တားဆီးမိန့်များကို ဖောက်ဖျက်သဖြင့် စွဲဆိုရခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားသားအား လက်ခံနေထိုင်ခွင့်ပြုခြင်း၊ လက်ခံတွေ့ဆုံစကားပြောခြင်း၊ အစားအသောက်များ ကျွေးမွေးခြင်းသည် ပုဒ်မ ၁၅၉ (က) ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်ဟု မိမိထွက်ဆိုခဲ့သော်လည်း ၎င်းစကားလုံးများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ လွတ်လပ်ခွင့်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ခြင်းမရှိဟုဆိုလျှင် ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၀ တွင် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံရေးအတွက် ကန့်သတ်လိုက်သည်ဆိုလျှင် စာပေး စာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုတို့အတွက် ဥပဒေအရအကာအကွယ်ပေးရမည်ဆိုသည့်အချက်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းထွက်ဆိုသည်။

ပြန်ခေါ်သက်သေ ဒုတိယရဲမှူးကြီးဇော်မင်းအောင်အား ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ (ခ) အငယ်လေးတို့၏ ရှေ့နေ ဦးလှမျိုးမြင့်က ပြန်လှန်စစ်မေးရာတွင် ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ(ခ) အငယ်လေးတို့သည် အစိုးရ၏လုပ်ငန်းများကိုနားမလည်သော သာမန်အရပ်သူများဖြစ်သည်ကို သိပါသလားဟုဆိုလျှင် မသိပါ။ တားဆီးထားသည့်အိမ်

တွင် အတူတကွနေထိုင်သည်ကိုသာ သိပါကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ(ခ) အငယ်လေးတို့သည် ဒေါ်အောင်ဆန်းစုကြည်အပေါ် ချမှတ်ခဲ့သည့် ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များနှင့်စပ်လျဉ်း၍ အသေးစိတ်အတိအကျ သိရှိနားလည်နိုင်စွမ်းရှိကြသူများ မဟုတ်ဟုဆိုလျှင် ကန့်သတ်တားဆီးထားသည့်အိမ်တွင် နေထိုင်သူများဖြစ်၍ သိရှိနိုင်ပါကြောင်း စသည်ဖြင့် ရှင်းလင်းထွက်ဆိုသည်။

ပြန်ခေါ်သက်သေ ရဲမှူးကြီးဝင်းနိုင်ထွန်းအား ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးဉာဏ်ဝင်းက ပြန်လှန်စစ်မေးရာတွင် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် နိုင်ငံခြားသား ဝင်ရောက်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ဘာပစ္စည်းတွေကျန်ခဲ့တယ်ဟု မည်သူကမျှ မေးမြန်းခဲ့ခြင်းမရှိဆိုလျှင် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဒေါက်တာတင်မျိုးဝင်း၏ ပြောပြချက်အရ အထက်ဌာနသို့ဆက်လက်တင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်က လူဝင်ရောက်သည့်ကိစ္စနှင့်စပ်လျဉ်း၍ တိတိကျကျ အချက်အလက် ပြည့်စုံစွာပြောကြားခြင်း မဟုတ်ကြောင်း၊ မိမိတို့ ဒေါ်အောင်ဆန်းစုကြည်ပါ လေးဦးအား တရားစွဲဆိုထားသည်မှာ အပြင်ကိုစာပေးစာယူလုပ်သည့်အတွက် စွဲဆိုခြင်းမဟုတ်ဟုဆိုလျှင် အခြားသို့ စာဖြင့်သော်လည်းကောင်း၊ စကားပြောကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်းမပြုရန် တားဆီးမိန့်ပါအချက်ကို ဖောက်ဖျက်သဖြင့် တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ ပြင်ပမှရောက်ရှိလာသောစာကို လက်ခံထားမှုဖြင့်အကျုံးဝင်သော အခြားသို့ စာဖြင့်ဆက်သွယ်မှုပြုလုပ်သည့်အချက်အရ စွဲဆိုခြင်းဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အိမ်မှသိမ်းဆည်းသည့် ပစ္စည်းများသည် Mr. John William Yettaw သူ့ဘာသာသူ ထားသွားသည့်ပစ္စည်းများဖြစ်သည်ဆိုလျှင် ပထမအကြိမ် ဝင်ရောက်စဉ်က Mr. John William Yettaw ပေးခဲ့သော စာအုပ်ကို စနစ်တကျ လက်ခံသိမ်းဆည်းထားရှိသည်မှာ ပေါ်ပေါက်ကြောင်း၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နှင့် ၂၀၀၉ ခုနှစ် မေ ၃ ရက်တို့တွင် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်ခြင်းသည် တရားမဝင် ဝင်ရောက်ခြင်းဖြစ်သည်ဆိုလျှင် တိတ်တဆိတ်တရားမဝင် ဝင်ရောက်ခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းထွက်ဆိုသည်။

ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့၏ရှေ့နေ ဦးလှမျိုးမြင့်က ပြန်လှန်စစ်မေးရာတွင် Mr. John William Yettaw အပေါ် ရာဇဝတ်မကင်းသော အိမ်ကျော်နင်းမှုအတွက် ယနေ့အထိ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ခဲ့ခြင်း မရှိသေးဟုဆိုလျှင် အိမ်ကျော်နင်းမှုနှင့် စပ်လျဉ်း၍ အရေးယူထားခြင်း မရှိသေးကြောင်း၊ လဝကအက်ဖြင့် အရေးယူထားခြင်းရှိကြောင်း ရဲမှူးကြီးဝင်းနိုင်ထွန်းက ရှင်းလင်းဖြေကြား ထွက်ဆိုသည်။

ပြန်ခေါ်သက်သေ ဒုတိယရဲမှူး စကျော်ဝင်းအား ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးဉာဏ်ဝင်းက ပြန်လှန်စစ်မေးရာတွင် အထက်ကစေခိုင်း၍ ဆောင်ရွက်ရသည်ဆိုရာ ရဲအရာရှိတစ်ဦးအနေဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ခွင့်ရှိသည်ဆိုလျှင် မှန်ကြောင်း၊ ဥပဒေနှင့်အညီ လုပ်ရသည်မှာလည်း မှန်ကြောင်းဖြင့် ရှင်းလင်းထွက်ဆိုသည်။

ပြန်ခေါ်သက်သေ ဒုတိယရဲမှူး တင်ဇော်ထွန်းအား ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးဉာဏ်ဝင်းက ပြန်လှန်စစ်မေးရာတွင် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ မိမိဦးဆောင်မှုပြုပြီး ရှာဖွေမှုပြုခဲ့သည့် နေ့ရက်မှာ မေ ၇ ရက်နံနက်ပိုင်းဖြစ်သည်ဆိုလျှင်မှန်ကြောင်း၊ ထိုနေ့ရက်တွင် ပထမသတင်းပေး တိုင်တန်းချက်ကို ရေးဖွင့်ရခြင်းမရှိသေးဟုဆိုလျှင် မှန်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က အပ်ပေးသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ကျွန်မပဲတာဝန်ယူကြောင်း ပြောကြားချက်သည် အမှုအတွက်တာဝန်ယူခြင်းမဟုတ်ဘဲ ပစ္စည်းအပ်ပေးသူအဖြစ်သာ တာဝန်ယူခြင်းဖြစ်သည်ဆိုလျှင် Mr. John William Yettaw ထားခဲ့သည့်ပစ္စည်း၊ ကျန်ခဲ့သည့်ပစ္စည်း၊ လက်ဆောင်ပေးခဲ့သည့် ပစ္စည်းတို့နှင့် စပ်လျဉ်း၍ သူမမှာတာဝန်ရှိသည်ဟု ပြောခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းထွက်ဆိုသည်။

တရားလိုပြသက်သေများအနက် စွဲချက်မတင်မီက စစ်ဆေးရန်ကျန်ရှိနေသော တရားလိုပြသက်သေများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ ပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်စစ်ဆေးသည်။

တရားလိုပြသက်သေ အမှုစစ်အရာရှိ သတင်းတပ်ဖွဲ့မှ ဒုတိယရဲမှူးသန်းစိုးကို ဆက်လက်စစ်ဆေးရာတွင် မိမိသည် သတင်းတပ်ဖွဲ့ တရားစွဲဌာန၌ ဒုတိယရဲမှူး(အမှုစစ်)အဖြစ် တာဝန်ထမ်းဆောင်ကြောင်း၊ ဗဟန်းရဲစခန်း (ပ) ၃၀၁/၀၉ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၂၂/ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အမှုကို စုံစမ်းစစ်ဆေးရန် မေ ၁၁ ရက်တွင် လက်ခံရရှိခဲ့ကြောင်း၊ ထိုနေ့တွင်ပင် အမှုနှင့်ဆက်စပ်သည့် သက်သေများကို စတင်စစ်ဆေးခဲ့ကြောင်း၊ နောက်တစ်နေ့ မေ ၁၂ ရက်တွင်လည်း သက်သေ ရဲတပ်ဖွဲ့ဝင်များနှင့်သက်ဆိုင်သည့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများကို စစ်ဆေးရကြောင်း၊ ထိုနေ့တွင်ပင် ဒုတိယရဲမှူးမောင်မောင်မြင့်က Mr. John William Yettaw ထံမှသိမ်းဆည်းခဲ့သည့်ပစ္စည်း

များနှင့် ရှာဖွေပုံစံကိုလည်းကောင်း၊ ဒုတိယရဲမှူးတင်ဇော်ထွန်းက ဒေါ်အောင်ဆန်းစုကြည်ထံမှ သိမ်းဆည်းခဲ့သော သက်သေခံပစ္စည်းများနှင့် ရှာဖွေပုံစံကိုလည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏အိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည့် ရှာဖွေဝရမ်းနှင့် ဝရမ်းအတည်ပြုမှု အစီရင်ခံစာကိုလည်းကောင်း လွှဲပြောင်းပေးသဖြင့် လက်ခံရရှိကြောင်း၊ မေ ၁၃ ရက်တွင် Mr. John William Yettaw တည်းခိုသည့် ဗျူတီးလဲန်း(၂) ဟိုတယ်အခန်းတွင်းမှ ပစ္စည်းများရှာဖွေ သိမ်းဆည်းခြင်းနှင့် ဆက်စပ်သည့်သက်သေများကိုစစ်ဆေးခဲ့ပြီး ဒုတိယရဲမှူးစကျော်ဝင်းလွှဲပြောင်းပေးသော ရှာဖွေပုံစံ နှင့်သက်သေခံပစ္စည်းများကို လက်ခံရရှိကြောင်း၊ မေ ၁၄ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမ နှင့် Mr. John William Yettaw တို့အား အမှုဖြင့် ဖမ်းဆီးခဲ့ပြီး ဗဟန်းရဲစခန်း စွဲချက်အမှတ် ၂၆၃/၂၀၀၉ အရ ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့် ရှောက်သည့်ဥပဒေပုဒ်မ ၂၂ အရ လည်းကောင်း၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် Mr. John William Yettaw တို့ အား ယင်းဥပဒေပုဒ်မ ၂၂/ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အရလည်းကောင်း ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉ မှ တရားလိုပြသက်သေ စုစု ပေါင်း ၂၃ ဦးအနက် ၁၅ ဦးကို စစ်ဆေးပြီးဖြစ်သဖြင့် ကျန်တရားလိုပြသက်သေ ရှစ်ဦးကို မစစ်ဆေးတော့ဘဲ ပယ် ကြောင်း တရားလိုဘက်မှလိုက်ပါဆောင်ရွက်သည့် ခရိုင်ဥပဒေအရာရှိက တင်ပြလျှောက်ထားသည်။

အမှုများကို ဆက်လက်စစ်ဆေးကြားနာရန်အတွက် မေ ၂၆ ရက် နံနက် ၁၀ နာရီသို့ ချိန်းဆိုခဲ့သည်။

## ၂၀၀၉ ခုနှစ်၊ မေလ (၂၆)ရက် (သတ္တမနေ့)

နံနက် (၈)နာရီ (၂၅)မိနစ်တွင် အင်းစိန် မြို့နယ်ရှိ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေး ခန်းမ၌ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀ (က) နှင့် ပုဒ်မ ၁၀ (ခ) တို့နှင့် ပတ်သက်၍ ရှင်းလင်းပွဲ ကျင်းပသည်။



ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးမှ ခေတ္တဌာနေကိုယ်စားလှယ်တို့ စုစုပေါင်း ၄၅ ဦး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက် ၁၅ ဦး၊ ပြည်တွင်းဂျာနယ်/မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင် ၁၀ ဦး၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ကိုယ်စားလှယ် ၂၀ နှင့် ဒေါ်အောင်ဆန်းစုကြည်အတွက် လိုက်ပါဆောင်ရွက်နေသည့် တရားရုံးချုပ်ရှေ့နေ ဦးလှမျိုးမြင့်တို့အပါအဝင် စုစုပေါင်း ၉၁ ဦးတို့ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပဏာမရှင်းလင်းပြောကြားရာ၌ ယနေ့ ဒေါ်အောင်ဆန်းစုကြည်၏ အမှုကိစ္စနှင့်ပတ်သက်ပြီး ပြည်တွင်း/ပြည်ပမှ များစွာ စိတ်ဝင်စားမှု များရှိနေကြပါကြောင်း၊ တစ်ဆက်တည်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀ (က) နှင့် ပုဒ်မ ၁၀ (ခ) တို့အရ ဆောင်ရွက်ခဲ့ရသည်များရှိသဖြင့် ပြည်ထဲရေးဗဟိုအဖွဲ့ဝင်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက အသေးစိတ်ရှင်းလင်းသွားမှာဖြစ်ပါကြောင်း ပြောကြားပြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးကို မထိခိုက်စေဘဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက်လည်းကောင်း၊ ၁၉၇၅ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်(၃)ဖြင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေ ပုဒ်မ ၇ အရ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခဲ့သည် (သို့) ပြုလုပ်နေသည် (သို့) ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သော အကြောင်းရှိလျှင် အစိုးရအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့် ချမှတ်နိုင်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ၎င်းကိုယ်စား တာဝန်ယူဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဗဟိုအဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း။

ဗဟိုအဖွဲ့၏လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ (၁၀) အရ ဗဟိုအဖွဲ့သည် နိုင်ငံတော်အား ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းအတွက် ကန့်သတ်မိန့်ချမှတ်၍ အောက်ပါလုပ်ပိုင်ခွင့်များရှိပါကြောင်း၊ ဤသည်ကို ဇယားဖြင့်လည်း ရှင်းလင်းပြသထားပါကြောင်း . . .

(က) ပုဒ်မ ၁၀ (က) အရ အရေးယူခြင်းခံရသူအား တစ်ကြိမ်လျှင် ရက်ပေါင်း(၆၀)ထက် မပိုစေဘဲ စုစုပေါင်း ရက်(၁၈၀)အထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်ခြင်း။

(ခ) ပုဒ်မ ၁၀ (ခ) အရ အရေးယူခြင်းခံရသူအား တစ်နှစ်အထိ တားဆီးမှုပြုလုပ်နိုင်ခြင်း။

အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ . . .

(က) ပုဒ်မ ၁၀ (က) မှာ . . .

(၁) ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀ (က) အရ အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀ (က) ပါ ကာလအပိုင်းအခြားထက်ကျော်လွန်၍ ဆက်လက်ဖမ်းဆီးချုပ်နှောင်ရန် လိုအပ်ပါက ပုဒ်မ ၁၂ အရ အစိုးရအဖွဲ့ထံ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

(၂) ထိုသို့ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့သည် ဆက်လက်ဖမ်းဆီးချုပ်နှောင်ရန် ကြိုတင်ခွင့်ပြုချက်ကို ပုဒ်မ ၁၄ အရ တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း (၅)နှစ်အထိ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၀ (ခ) မှာ . . .

(၁) ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀ (ခ) အရ အရေးယူခြင်းခံရသူအား ဆက်လက် တားဆီးမှုပြုလုပ်ရန် လိုအပ်ပါက ပုဒ်မ ၁၃ အရ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(၂) အစိုးရအဖွဲ့သည် ဆက်လက်တားဆီးမှုပြုလုပ်ရန် ကြိုတင်ခွင့်ပြုချက်ကို ပုဒ်မ ၁၄ အရ တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း (၅)နှစ်အထိ ခွင့်ပြုနိုင်သည်။

နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများသည ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ဗဟိုအဖွဲ့အနေဖြင့် ကန့်သတ်မိန့်ကို ပြန်လည်သုံးသပ်သည့်အခါ ဖမ်းဆီးချုပ်နှောင်မိန့် (သို့) တားဆီးမိန့်ကိုလည်း ပြန်လည်သုံးသပ်ပြီး အောက်ပါအတိုင်း ပြောင်းလဲဆောင်ရွက်နိုင်ခွင့်ရှိပါကြောင်း . . .

(က) လုပ်ထုံးလုပ်နည်းအပိုဒ် ၄၆ (ခ) အရ ထိပါးအန္တရာယ်ဖြစ်စေမည့်အကြောင်းနှင့် ပတ်သက်၍ အထောက်အထားများ ပိုမိုခိုင်လုံစွာ ရရှိလျှင် မူလကန့်သတ်မိန့်ကို လိုအပ်သလိုပြင်ဆင်ပြီး တားဆီးမိန့်အစား ဖမ်းဆီးချုပ်နှောင်မိန့်ကို ထုတ်ပြန်နိုင်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းအပိုဒ် ၄၆ (င) အရ မူလကန့်သတ်မိန့်ကို ပြင်ဆင်သည်ဖြစ်စေ၊ မပြင်ဆင်သည်ဖြစ်စေ ဖမ်းဆီးချုပ်နှောင်မိန့်ကို ပယ်ဖျက်၍ ယင်းအစား တားဆီးမိန့်ကို ထုတ်နိုင်ပါကြောင်း၊

(ခ) သို့ဖြစ်၍ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀ (က) မှ ပုဒ်မ ၁၀ (ခ) သို့လည်းကောင်း၊ ပုဒ်မ ၁၀ (ခ) မှ ပုဒ်မ ၁၀ (က) သို့လည်းကောင်း ပြောင်းလဲနိုင်ခွင့်ရှိပါကြောင်း၊

ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀ (က) အရ ပြည်ထဲရေးဗဟိုအဖွဲ့၏ အမိန့်နှင့် ၃၀–၅–၂၀၀၃ ရက်နေ့တွင် ကန့်သတ်မိန့်ချမှတ်ပြီး ၂၇–၁၁–၂၀၀၃ ရက်နေ့အထိ တစ်ကြိမ်လျှင် ရက်ပေါင်း (၆၀)ဖြင့် သုံးကြိမ် ရက်ပေါင်း (၁၈၀)ကို ဥပဒေနှင့်အညီ ဖမ်းဆီးချုပ်နှောင်ခဲ့ပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ထားစဉ် ၁၇–၉–၂၀၀၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသမီးရောဂါ ဖြစ်ပွားသည့်အတွက် စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အာရှတော်ဝင်ဆေးခန်းသို့ တင်ပို့ကုသပေးခဲ့ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည် ကျန်းမာရေးကောင်းမွန်လာပြီး ၂၆–၉–၂၀၀၃ ရက်နေ့တွင် အာရှတော်ဝင်ဆေးခန်းမှဆင်းခဲ့ရာ နိုင်ငံတော်အနေဖြင့် လူမှုရေးစာနာထောက်ထားမှုဖြင့် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ပို့ဆောင်ပြီး ပုဒ်မ ၁၀ (က) ဖမ်းဆီးချုပ်နှောင်မှုကာလ ကုန်ဆုံးသည့် ၂၇–၁၁–၂၀၀၃ ရက်နေ့အထိ နေထိုင်စေခဲ့ပါကြောင်း။

ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်သည် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို ထိပါးစေနိုင်မည့် အလားအလာရှိသည့်အတွက် ဥပဒေပုဒ်မ ၁၀ (ခ) အရ တားဆီးမှုပြုလုပ်ရန် လိုအပ်ခြင်းကြောင့် ဗဟိုအဖွဲ့၏ အခွင့်အာဏာဖြင့် သူမ၏နေအိမ်မှာပင် ၂၈–၁၁–၂၀၀၃ ရက်နေ့မှ ၂၇–၁၁–၂၀၀၄ ရက်နေ့အထိ (၁)နှစ် ကန့်သတ်တားဆီးခြင်းကိုဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် အထက်ကရှင်းလင်းပြဆိုခဲ့သည့်အတိုင်း လုပ်ထုံးလုပ်နည်းအပိုဒ် ၄၆ (င) အရ ပုဒ်မ ၁၀ (က) မှ ပုဒ်မ ၁၀ (ခ) သို့ ပြောင်းလဲနိုင်သည့်အခွင့်အာဏာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဗဟိုအဖွဲ့၏ အခွင့်အာဏာ ကုန်ဆုံးပြီးသည့်နောက် ဆက်လက်တားဆီးရန် လိုအပ်သည့်အတွက် ပုဒ်မ ၁၄ အရ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း . . .

(က) (၂၈–၁၁–၂၀၀၄)ရက်နေ့မှ (၂၇–၁၁–၂၀၀၅)ရက်နေ့အထိ ပထမအကြိမ် (၁)နှစ်။

(ခ) (၂၈–၁၁–၂၀၀၅)ရက်နေ့မှ (၂၇–၅–၂၀၀၆)ရက်နေ့အထိ ဒုတိယအကြိမ် (၆)လ။

(ဂ) (၂၈–၅–၂၀၀၆)ရက်နေ့မှ (၂၇–၅–၂၀၀၇)ရက်နေ့အထိ တတိယအကြိမ် (၁)နှစ်။

(ဃ) (၂၈–၅–၂၀၀၇)ရက်နေ့မှ (၂၇–၅–၂၀၀၈)ရက်နေ့အထိ စတုတ္ထအကြိမ် (၁)နှစ်။

(င) (၂၈–၅–၂၀၀၈)ရက်နေ့မှ (၂၇–၅–၂၀၀၉)ရက်နေ့အထိ ပဥ္စမအကြိမ် (၁)နှစ်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၄ တို့အရ ဆက်လက်တားဆီးရန် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စုစုပေါင်း (၄)နှစ် (၆)လ တားဆီးခဲ့ပြီး ဖြစ်ပါကြောင်း၊ ပုဒ်မ ၁၄ အရ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူပြီး တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ (၅)နှစ်အထိ ဆက်လက်တားဆီးမှု ပြုလုပ်နိုင်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်ကို တည်ဆဲဥပဒေအရ နောက်ထပ် (၆)လ ဆက်လက်တားဆီး ထားနိုင်ခွင့်ရှိပါကြောင်း။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကို ဗဟိုအဖွဲ့အနေဖြင့် အခွင့်အာဏာအရ တားဆီးကာလ တစ်နှစ်အပြင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ (၅)နှစ်အထိ ဆက်လက်တားဆီးမိန့် ထုတ်ပြန်နိုင်ပါကြောင်း၊ လက်ရှိအခြေအနေမှာ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ၂၈–၅–၂၀၀၈ ရက်နေ့မှစတင်ခဲ့သည့် (၁)နှစ် ဆက်လက်တားဆီးမိန့်သည် ၂၇–၅–၂၀၀၉ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ဆက်လက် တားဆီးကာလအားဖြင့် (၄)နှစ် (၆)လ ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေအရ ဗဟိုအဖွဲ့သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် (၅)နှစ်ပြည့်အောင် နောက်ထပ်(၆)လ ဆက်လက်တားဆီးနိုင်သေးသော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏သမီးလည်းဖြစ်နေသည်ကို ထောက်ထားပြီး အလေးအနက် စဉ်းစားနေချိန်တွင် မမျှော်လင့်ဘဲ ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏နေအိမ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် အမေရိကန်နိုင်ငံသား Mr. John William Yettaw ကို (၂)ရက်တိုင် နေထိုင်ခွင့်ပြုခြင်း၊ လက်ခံစကားပြောခြင်း၊ အစားအသောက်များကျွေးမွေးခြင်း စသည့် ကူညီဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်းသည် တည်ဆဲဥပဒေနှင့် ငြိစွန်းနေခြင်းကြောင့် မလွှဲမရှောင်သာ ဝမ်းနည်းစွာဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့ရခြင်းဖြစ်ပါကြောင်း။

မည်သို့ပင်ဖြစ်စေ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဥပဒေနှင့်အညီ ခုခံပိုင်ခွင့်ရှိပြီး ရှေ့နေရှေ့ရပ်များကိုလည်း ငှားရမ်းဆောင်ရွက်ခွင့်ပေးထားပါကြောင်း၊ ထို့အပြင် လူမှုရေးအရ ထောက်ထားညှာတာသောအားဖြင့် နိုင်ငံတော်အနေဖြင့် သူမ၏ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေးများကိုလည်း ပြည့်ဆည်းဆောင်ရွက်ထားလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

နံနက် ၈ နာရီ မိနစ် ၄၀ တွင် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀ (က) နှင့် ပုဒ်မ ၁၀ (ခ) တို့နှင့် ပတ်သက်၍ ရှင်းလင်းပွဲ ကျင်းပပြီးစီးခဲ့သည်။

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ တို့အပေါ် စွဲဆိုထားသည့် အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ယနေ့ သတ္တမနေ့အဖြစ် မွန်းလွဲ(၁)နာရီတွင် စတင်ရုံးထိုင်ကာ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉ မှ တရားခံ ဒေါ်အောင်ဆန်းစုကြည်ကို စစ်ဆေးသည်။

ဒေါ်အောင်ဆန်းစုကြည်အား စစ်ဆေးရာ ဒေါ်အောင်ဆန်းစုကြည်က တရားရုံး၏ မေးမြန်းချက်များကို ဖြေကြားထွက်ဆိုခဲ့ပြီး၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ (၂၅၆) အရ တရားရုံးသို့ အောက်ပါအတိုင်း ရေးသားတင်ပြခဲ့သည်။

၁။ အထက်အမည်ပါအမှုတွင် ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ–၂၂ ဖြင့်လည်းကောင်း၊ ထိုသို့ ဖောက်ဖျက်ကျူးလွန်ခြင်းကို အားပေးကူညီခဲ့သော ဒေါ်ခင်ခင်ဝင်း (ဘ) ဦးတင်အုန်း၊ မဝင်းမမ (ဘ) ဦးဉာဏ်လင်းနှင့် Mr John William Yettaw တို့ (၃)ဦးတို့အား ယင်းဥပဒေပုဒ်မ–၂၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၁၀၉ အရလည်းကောင်း အမှုဖွင့်အရေးယူပေးပါရန် သတင်းတပ်ဖွဲ့မှ ဒုရဲမှူးကြီး ဇော်မင်းအောင်က ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ (၁၁–၅–၂၀၀၉) တွင် တိုင်ကြားခဲ့သော အမှု ဖြစ်ပါသည်။

၂။ Mr John William Yettaw သည် ကျွန်မ၏နေအိမ်ခြံဝင်းအတွင်းသို့ ရောက်ရှိခဲ့သောကိစ္စနှင့်စပ်လျဉ်း၍ ပထမအကြိမ်ဖြစ်သော (၃၀–၁၁–၂၀၀၈)ရက်နေ့ ရောက်ရှိခဲ့ခြင်းကို ကျွန်မနှင့်အတူနေသူ ဒေါ်ခင်ခင်ဝင်းထံမှတဆင့် ကြားသိရပါသည်။

(၄–၁၂–၂၀၀၈)ရက်နေ့တွင် ဆေးစစ်ရန် ရောက်ရှိလာသူ ဒေါက်တာတင်မျိုးဝင်းမှတဆင့် ယင်းအဖြစ်အပျက်ကို အာဏာပိုင်များထံ သတင်းပေးပို့ခဲ့ပါသည်။ အာဏာပိုင်များက အဆိုပါကိစ္စအတွက် ကျွန်မတို့ထံသို့ စုံစမ်းမေးမြန်းခြင်း မလုပ်ခဲ့ကြပါ။ အရေးယူဆောင်ရွက်သည်ဟုလည်း ကြားသိရခြင်း မရှိပါ။ ဤကဲ့သို့ ခြံဝင်းအတွင်း လူဝင်ရောက်ခဲ့သည့်ကိစ္စများတွင် အာဏာပိုင်များထံ ချက်ချင်းသတင်းပို့ရမည်ဟု သတိပေးဖူးခြင်းလည်း မရှိပါ။



ဒုတိယအကြိမ် Mr John William Yettaw ရောက်ရှိခဲ့ခြင်းကို (၄-၅-၂၀၀၉)ရက်နေ့ နံနက်ပိုင်းတွင်မှ တွေ့ရှိရပါသည်။ ကျွန်မက ပြန်ထွက်သွားရန် ပြောကြားခဲ့ပါသည်။ ၎င်းက မိုးလင်းနေပြီဖြစ်၍ ထွက်သွားလျှင် ဖမ်းဆီးခံရနိုင်ကြောင်း ညရောက်လျှင် ပြန်ပါမည်ဟု ပြောပါသည်။ သို့သော် ညရောက်သောအခါ ကျန်းမာရေးအခြေအနေအရ တစ်ညအိပ်ခွင့်ပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။

၃။ ယခုအချိန်တွင် များစွာသော ကျွန်မ၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များသည် ဥပဒေ၏ ကာကွယ်မှုနှင့် သက်ညှာမှုတို့ကို မခံစားရဘဲ နှစ်ရှည်ထောင်ဒဏ်များ ကျခံနေရပါသည်။ ထို့ကြောင့် ကျွန်မ အနေဖြင့် မည်သူ့ကိုမျှ အဖမ်းအဆီး အချုပ်အနှောင်ခံရစေရန် တွန်းမပို့နိုင်ဟူသော နိုင်ငံရေးခံယူချက်အရ ခိုလှုံခွင့်တောင်းသည်ကို ခေတ္တခိုလှုံခွင့် ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။

၄။ ကျူးကျော်ဝင်ရောက်သူ မည်သူမည်ဝါဖြစ်သည် ၎င်း၏ရည်ရွယ်ချက်များ မည်သို့မည်ပုံဖြစ်သည်မှာ ကျွန်မအတွက် အရေးမပါ ပါ။ ကျွန်မ၏နိုင်ငံရေးခံယူချက်အရသာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ကျူးကျော်ဝင်ရောက်မှုကိစ္စနှင့်စပ်လျဉ်း၍ လစဉ်ဆေးစစ်ရန် (၇–၅–၂၀၀၉)နေ့တွင် ဒေါက်တာတင်မျိုးဝင်းလာသောအခါ ၎င်းမှတစ်ဆင့် သက်ဆိုင်ရာသို့ အကြောင်းကြားရန် ရည်ရွယ်ခဲ့ပါသည်။ သို့သော် (၇–၅–၂၀၀၉)နေ့တွင် ရဲတပ်ဖွဲ့ဝင်များသာ ရောက်လာပြီး ဒေါက်တာတင်မျိုးဝင်း ဝင်ခွင့် မရခဲ့ပါ။

၅။ ကျွန်မသည် နိဝင်ဘာလ (၃၀)ရက်နေ့အဖြစ်အပျက်များနှင့် စပ်လျဉ်း၍ လုပ်ဆောင်ခဲ့ရာတွင် ကြီးသည့်အမှုငယ်စေရန်နှင့် ငယ်သည့်အမှု ပပျောက်စေရန်နှင့် ခြံအတွင်းသို့ ဝင်ရောက်ခဲ့သူအားလည်းကောင်း၊ ခြံလုံခြုံရေးကို ယူထားရသော တပ်သားများအားလည်းကောင်း မလိုအပ်ဘဲ မထိခိုက်စေလိုသောဆန္ဒဖြင့် ပြုလုပ်ခဲ့ပါသည်။ ဤလုပ်ဆောင်ချက်နှင့်ပတ်သက်၍ သက်ဆိုင်ရာက ကန့်ကွက်ခြင်း၊ ဝေဖန်ခြင်း၊ တစ်စုံတစ်ရာ မပြုလုပ်ခဲ့သောကြောင့် ၎င်းတို့သည် ကျွန်မ၏လုပ်ရပ်ကို လက်ခံသဘောတူသည်ဟု ထင်မြင်ရပါသည်။

တရားလိုပြသက်သေတစ်ဦးအား ပြန်ခေါ်စစ်မေးရာတွင် ကျွန်မ၏နေအိမ်ခြံဝင်းလုံခြုံရေးအတွက် အာဏာပိုင်နှင့် ကျွန်မတို့ ပူးတွဲတာဝန်ရှိသည်ဟု ထွက်ဆိုခဲ့ပါသည်။ ယင်းထွက်ဆိုချက်မှာ လုံးဝမမှန်ကန်ပါ။

၆။ ကျွန်မအပေါ်စွဲဆိုထားသည့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ–၂၂ အရ တားဆီးမိန့်၊ ကန့်သတ်မိန့်များကို ချိုးဖောက်သည်ဟု စွပ်စွဲထားပါသည်။

(က) ယခုရုံးရှေ့ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များ၊ သက်သေခံ ဆက်လက်တားဆီးမိန့်များအရ စည်းကမ်းချက်များကို ကျွန်မက ဖောက်ဖျက်ခြင်း မရှိကြောင်း ထင်ရှားပေါ်ပေါက်နေပါသည်။

(ခ) ကန့်သတ်မိန့်မှာ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပါ မူလအခွင့်အရေးကို ကန့်သတ်မှု (သို့) ရုပ်သိမ်းမှုဖြစ်ကြောင်း တရားလိုဘက်က ထွက်ဆိုခဲ့ကြပါသည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေသည် ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းသည့်နေ့မှစ၍ အာဏာတည်ခြင်းမရှိ၊ ပြီးကျပျက်ဆီးသွားပြီ ဖြစ်ပါသည်။ အာဏာတည်ခြင်းမရှိသည့် ဥပဒေ၏ပုဒ်မများအရ ကန့်သတ်မိန့်မှာလည်း တရားဝင်မှု မရှိပါ။

၇။ ယခုအမှုဖြစ်ပွားရသည့် အရင်းခံအကြောင်းအရင်းမှာ လုံခြုံမှုရေး လစ်ဟင်းမှု သို့မဟုတ် လုံခြုံရေးဖောက်ဖျက်မှု ဖြစ်သော်လည်း ယခုအချိန်ထိ လုံခြုံရေးဆိုင်ရာ တာဝန်ရှိမှုနှင့် စပ်လျဉ်းပြီး အရေးယူခြင်းမရှိဘဲ၊ ကျွန်မကိုသာ အရေးယူ တရားစွဲခြင်းမှာလည်း ဘက်လိုက်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၈။ ကျွန်မသည် တရားလိုဘက် စွပ်စွဲသည့် ပြစ်မှုကို ကျူးလွန်ခြင်း မရှိကြောင်း ကျွန်မ၏ တင်ပြချက်ကို တင်သွင်းပါသည်။

ဟု ဖြစ်သည်။

ထို့နောက် Mr. John William Yettaw အပေါ် စွဲဆိုသည့် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈/၂၀၀၉မှ စစ်ဆေးရန်ကျန်သော တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ အမှုစစ် ဒုတိယရဲမှူး သန်းစိုးကို ဆက်လက်စစ်ဆေးသည်။ အမှုစစ် ဒုတိယရဲမှူး သန်းစိုးက မိမိသည် ဗဟန်းရဲစခန်း (ပ) ၃၀၂/၀၉ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) အမှုကို စုံစမ်းစစ်ဆေးရန် မေ ၁၁ ရက်တွင် လက်ခံရရှိကြောင်း၊ ထိုနေ့တွင် တရားလိုပြသက်သေများကို စစ်ဆေးခဲ့ကြောင်း၊ မေ ၁၂ ရက်တွင် တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးပြီး ဒုတိယရဲမှူးမောင်မောင်မြင့်နှင့် ဒုတိယရဲမှူး တင်ဇော်ထွန်းတို့ လွှဲပြောင်းပေးသော ရှာဖွေပုံစံများကို လက်ခံခဲ့ကြောင်း၊ ထိုနေ့တွင်ပင် ၎င်းအမှုနှင့် ဆက်စပ်၍ Mr. John William Yettaw ၏ လက်ရေးနမူနာရယူပြီး ဒေါ်အောင်ဆန်းစုကြည်အိမ်မှ သိမ်းဆည်းရမိခဲ့သော Mr. John William Yettaw ၏ လက်ရေးများနှင့် တိုက်ဆိုင်စစ်ဆေးရန် မှုခင်းတပ်ဖွဲ့သို့ ပေးပို့အကြောင်းကြားခဲ့ကြောင်း၊ ထိုနေ့တွင်ပင် Mr. John William Yettaw အား စစ်ဆေးခဲ့

ကြောင်း၊ မေ ၁၃ ရက်တွင် သက်သေများကို ဆက်လက်စစ်ဆေးကြောင်း၊ ဒုတိယရဲမှူး စကျော်ဝင်း လွှဲပြောင်းပေးသော ရှာဖွေပုံစံနှစ်စောင်ကို အမှုတွင် ထည့်သွင်းတင်ပြခဲ့ကြောင်း၊ မေ ၁၄ ရက်တွင် Mr. John William Yettaw အား အမှုဖြင့် ဖမ်းဆီးကာ ဗဟန်းရဲစခန်း စွဲချက်အမှတ် ၂၆၄/၀၉ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ကြောင်း ထွက်ဆိုသည်။

အမှုများကို ဆက်လက်စစ်ဆေးကြားနာရန် မေ ၂၇ ရက်နံနက် ၁၀ နာရီသို့ ချိန်းဆိုခဲ့သည်။

## ၂၀၀၉ ခုနှစ်၊ မေလ (၂၇)ရက် (အင်္ဂါနေ့)

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ တို့အပေါ် စွဲဆိုထားသည့်အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ယနေ့ အင်္ဂါနေ့အဖြစ် နံနက် ၁၀ နာရီတွင် စတင်ရုံးထိုင်ကာ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉ မှ ဒေါ်ခင်ခင်ဝင်းကို စစ်ဆေးသည်။

ဒေါ်ခင်ခင်ဝင်းက တရားရုံး၏ မေးမြန်းချက်များအပေါ် အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသည်။

မေး။ ဒေါ်ခင်ခင်ဝင်းသည် ရုံးရှေ့ရှိဒေါ်အောင်ဆန်းစုကြည်၏အိမ်တွင် ၎င်းနှင့်အတူနေထိုင်သည်မှာ ဘယ်လောက်ကြာခဲ့ပြီလဲ။

ဖြေ။ (၆)နှစ်ကြာခဲ့ပြီဖြစ်ပါသည်။

မေး။ ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏နေအိမ်ခြံဝင်းကို ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ထားတာ မှန်ပါသလား။

ဖြေ။ အဲဒီကိစ္စ ကျွန်မ မသိပါ။ မထွက်ရတာကိုဘဲ သိပါသည်။

မေး။ ဒေါ်ခင်ခင်ဝင်းတို့အနေဖြင့် ပြင်ပသို့မထွက်ရဘဲ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း၌ ၎င်းကဲ့သို့ ပင် နေထိုင်ရပါသလား။

ဖြေ။ ကျွန်မထွက်ချင်လျှင် ထွက်လို့ရသည်ဟု ပြောပါသည်။

မေး။ နေထိုင်ခဲ့သည့် (၆) နှစ်တာကာလအတွင်း မိမိသဘောနှင့် ဘယ်နှစ်ကြိမ်ထွက်ဖူးပါသလဲ။

ဖြေ။ ကျွန်မသဘောနှင့် ကျွန်မတော့ မထွက်ပါ။ သတင်းပို့၍ ယဉ်ကျေးမှုအရ အသိပေးပြီး ထွက်ပါသည်။

မေး။ ဒေါ်အောင်ဆန်းစုကြည်၏အိမ်သို့ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်ညက မည်ကဲ့သို့အချက်ပေးပြီး Mr. John William Yettaw ဝင်ရောက်လာပါသလဲ။

ဖြေ။ ကျွန်မ အိမ်ထဲမှ လှမ်း၍မြင်ခြင်းဖြစ်ပါသည်။ မှောင်နေ၍ မည်သူမှန်းမသိပါ။

မေး။ Mr. John William Yettaw သည် မည်သည့်ပစ္စည်းကို ဒေါ်ခင်ခင်ဝင်းတို့အိမ်၌ ထားခဲ့ပါသလဲ။

ဖြေ။ ကျွန်မချက်ချင်းတော့မသိပါ၊ ရက်တော်တော်ကြာမှ သန့်ရှင်းရေးလုပ်ရင်း တွေ့ခြင်းဖြစ်ပါသည်။

မေး။ ဒေါ်ခင်ခင်ဝင်းတို့နေသည့်အိမ်ကို မေ ၃ ရက် ညဘယ်အချိန် Mr. John William Yettaw ရောက်ရှိလာပါသလဲ၊

ဖြေ။ မေ ၄ ရက် နံနက် ၃ နာရီခွဲအချိန်ခန့်တွင် လူတစ်ယောက် ငြီးသံကြားပါသည်။

မေး။ Mr. John William Yettaw သည် မည်ကဲ့သို့သောနည်းဖြင့် ဆက်သွယ်ပြီး ဒေါ်ခင်ခင်ဝင်းတို့နေထိုင်သည့် အိမ်အတွင်း ဝင်ရောက်လာပါသလဲ၊

ဖြေ။ အပြင်တွင် လူတစ်ယောက်တုံးလုံးကြီးလဲနေ၍ အစ်မထံ ကျွန်မသတင်းပေးပါသည်။ မိုးလင်းသည့်အခါမှ အိမ်ထဲသို့ ဝင်ခွင့်ပြုပြီး ခိုလှုံခွင့်ပေးခြင်း ဖြစ်ပါသည်။

မေး။ Mr. John William Yettaw သည် ဘယ်နှစ်ရက် ဒေါ်ခင်ခင်ဝင်းတို့အိမ်၌ နေထိုင်သွားပါသလဲ။

ဖြေ။ မေ ၅ ရက်ည ၁၂ နာရီမထိုးမီ ပြန်သွားခြင်းဖြစ်ပါသည်၊

မေး။ ဒေါ်ခင်ခင်ဝင်းတို့ နေထိုင်သည့်အိမ်မှ ပြန်ထွက်သွားသူ Mr. John William Yettaw သည် ဘယ်လမ်းကနေ ပြန်သွားပါသလဲ။

ဖြေ။ ကန်ဘက်ကိုသွားသည်ကိုသာ မြင်လိုက်ပါသည်။ ဘယ်လမ်းကနေ ပြန်သည်ကိုတော့ ကျွန်မ မသိပါ။

မေး။ ဒေါ်ခင်ခင်ဝင်းတို့အနေဖြင့် နေထိုင်၊ စားသောက်၊ စကားပြောဆိုရန် Mr. John William Yettaw အား မည်ကဲ့သို့စီစဉ်ပေးပါသလဲ။
ဖြေ။ ကျွန်မ အင်္ဂလိပ်စကား မတတ်ပါ။ စကားပြောစရာလည်း မရှိပါ။ အစားအစာကိုတော့ အစ်မကပြောလျှင် သွား၍ချပေးပါသည်။ နေထိုင်စရာနှင့် အိပ်ဖို့နေရာကိုတော့ ကျွန်မတို့ကပဲ စီစဉ်နေရာချပေးပါသည်။
မေး။ Mr. John William Yettaw ၏သမီးက ပေးလိုက်တယ်ဆိုသည့်စာတွေကို ဒေါ်အောင်ဆန်းစုကြည်အား ဒေါ်ခင်ခင်ဝင်းမှတစ်ဆင့် ပေးခဲ့ပါသလား၊
ဖြေ။ မဟုတ်ပါ။
မေး။ မည်ကဲ့သို့ အဆိုပါစာများကို ပေးခဲ့ပါသလဲ။
ဖြေ။ ကျွန်မ မသိပါ။
မေး။ Mr. John William Yettaw သည် မည်သည့်ပစ္စည်းများကို ဒေါ်ခင်ခင်ဝင်းတို့အိမ်၌ ထားခဲ့ပါသလဲ။
ဖြေ။ ထားပစ်ခဲ့သောပစ္စည်းများမဟုတ်ပါ။ ကျန်ရစ်ခဲ့သော ပစ္စည်းများကို ရဲထံပေးအပ်လိုက်ပါသည်။
မေး။ Mr. John William Yettaw က နောက်ထပ်လာဦးမည်လို့ ပြောသွားပါသေးသလား။
ဖြေ။ ကျွန်မ မသိပါ။
မေး။ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အိမ်အတွင်းသို့ ဝင်ရောက်ရန် အတွင်းမှတံခါးဖွင့်မပေးဘဲ ဝင်ရောက်နိုင်ပါသလား၊
ဖြေ။ တံခါးဖွင့်မှသာ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။
မေး။ ဒေါ်ခင်ခင်ဝင်းသည် အငြိမ်းစား အလယ်တန်းပြဆရာမတစ်ဦး ဖြစ်တယ်ဆိုတာ ဟုတ်ပါသလား။
ဖြေ။ မဟုတ်ပါ၊ အငြိမ်းစား မူလတန်းပြကျောင်းဆရာမ ဖြစ်ပါသည်။
မေး။ ဒေါ်ခင်ခင်ဝင်းကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် သက်ဆိုင်ရာတာဝန်ရှိသူထံ ဆက်သွယ်သတင်းပို့ ဆောင်ရွက်ပေးရသူဖြစ်သည်ဆိုတာ ဟုတ်ပါသလား။
ဖြေ။ ဟုတ်ပါသည်။
မေး။ Mr. John William Yettaw ဒုတိယအကြိမ်လာရောက်ခြင်းသည် ပထမအကြိမ်ကပင် အဆက်အသွယ်ရှိခဲ့ပြီးဖြစ်၍ လာရောက်ခြင်းဖြစ်သည် မဟုတ်လား။
ဖြေ။ Mr. John William Yettaw ကို ပထမတစ်ခေါက်က မသိပါ။ ဒုတိယအခေါက်ရောက်မှသာ အရင်တစ်ခါလာတာ 'သူ'ဆိုတာကို သိရခြင်းဖြစ်ပါသည်။

ယင်းနောက် မဝင်းမမ (ခ) အငယ်လေးက တရားရုံး၏မေးမြန်းသည့် မေးခွန်းများကို အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသည်။

မေး။ မဝင်းမမ (ခ) အငယ်လေးသည် ရုံးရှေ့ရှိဒေါ်အောင်ဆန်းစုကြည်၏အိမ်တွင် ၎င်းနှင့်အတူ အမြဲတစေနေထိုင်ပါသလား။
ဖြေ။ နေထိုင်သည်မှာ (၄)နှစ်ရှိပြီဖြစ်ပါသည်။
မေး။ ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏နေအိမ်ခြံဝင်းကို ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ထားတာ မှန်ပါသလား။
ဖြေ။ ကျွန်မ မသိပါ။
မေး။ နေထိုင်ခဲ့သည့်ကာလအတွင်း မိမိသဘောနှင့် ဘယ်နှစ်ကြိမ် ထွက်ခဲ့ဖူးပါသလဲ။
ဖြေ။ မထွက်ခဲ့ဖူးပါ။
မေး။ ဒေါ်အောင်ဆန်းစုကြည်၏အိမ်သို့ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက် ညက မည်ကဲ့သို့အချက်ပေးပြီး Mr. John William Yettaw ဝင်ရောက်လာပါသလဲ။
ဖြေ။ ကျွန်မ မသိပါ။

မေး။ Mr. John William Yettaw သည် မည်သည့်ပစ္စည်းကို မဝင်းမမ (ခ) အငယ်လေးတို့နေထိုင်သည့်အိမ်၌ ထားခဲ့ပါသလဲ။

ဖြေ။ ကျွန်မ မသိပါ။

မေး။ မဝင်းမမ (ခ) အငယ်လေးတို့နေသည့်အိမ်ကို မေ ၃ ရက် ည ဘယ်အချိန် Mr. John William Yettaw ရောက်ရှိလာပါသလဲ။

ဖြေ။ နံနက်အစောပိုင်းတွင် ငြီးသံကြား၍ အပြင်သို့မထွက်ပါ။ မိုးလင်းမှသာ Mr. John William Yettaw အိမ်ထဲသို့ရောက်လာခြင်း ဖြစ်ပါသည်။

မေး။ မဝင်းမမ (ခ) အငယ်လေးတို့အနေဖြင့် မည်သည့်အကြောင်းကြောင့် Mr. John William Yettaw အား ဝင်ခွင့်ပြုခဲ့ပါသလဲ။

ဖြေ။ ကျွန်မ မသိပါ။

မေး။ Mr. John William Yettaw သည် ဘယ်နှစ်ရက်ကြာသည်အထိ မဝင်းမမ (ခ) အငယ်လေးတို့အိမ်၌ နေထိုင်သွားပါသလဲ။

ဖြေ။ မေ ၅ ရက် ည ၁၂ နာရီ ဝန်းကျင်ခန့်တွင် ပြန်သွားပါသည်။

မေး။ Mr. John William Yettaw သည် မည်သည့်လမ်းကနေ ပြန်သွားပါသလဲ။

ဖြေ။ ကန်ဘက်ကိုပဲ သွားတာသိပါသည်။ ဘယ်လမ်းက ပြန်သွားသည်ကိုတော့မသိပါ။

မေး။ Mr. John William Yettaw စားသောက်နေထိုင်နိုင်ရန်အတွက် မဝင်းမမ(ခ) အငယ်လေးတို့က မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးရပါသလဲ။

ဖြေ။ ထမင်းကျွေးချိန်တန်လျှင်ကျွေးပါသည်။ နေထိုင်စရာပေးသည်ကိုတော့ လူကြီးတွေစီစဉ်တာဖြစ်၍ ကျွန်မ မသိပါ။

မေး။ Mr. John William Yettaw သည် ၎င်း၏သမီးကပေးလိုက်သည်ဆိုသည့် စာတွေကို မဝင်းမမ (ခ) အငယ်လေးကနေတစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်အား ပေးခဲ့ပါသလား။

ဖြေ။ ကျွန်မ မသိပါ။ ရဲက လာသိမ်းသည့်အခါမှ ကျွန်မထုတ်ပေးလိုက်ပါသည်။

မေး။ Mr. John William Yettaw သည် မည်သည့်ပစ္စည်းများကို မဝင်းမမ (ခ) အငယ်လေးတို့အိမ်၌ ထားခဲ့ပါသလဲ။

ဖြေ။ ထားပစ်ခဲ့ခြင်း မဟုတ်ပါ။ ကျန်ရစ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

မေး။ Mr. John William Yettaw က နောက်ထပ်လာဦးမည်လို့ ဒေါ်အောင်ဆန်းစုကြည်အား ပြောသွားပါသေးသလား။

ဖြေ။ ကျွန်မ မသိပါ။

မေး။ မဝင်းမမ (ခ) အငယ်လေးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အိမ်အတွင်းသို့ဝင်ရောက်ရန် အတွင်းမှ တံခါးဖွင့်မပေးဘဲ ဝင်ရောက်နိုင်ပါသလား။

ဖြေ။ တံခါးဖွင့်ပေးမှသာ ဝင်ရောက်နိုင်မည် ဖြစ်ပါသည်။

မေး။ မဝင်းမမ (ခ) အငယ်လေးအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံ ဆက်သွယ်သတင်းပို့ ဆောင်ရွက်ပေးရသူ ဖြစ်ပါသလား။

ဖြေ။ ထိုသို့ ဆောင်ရွက်ပေးရခြင်း မရှိပါ။

မေး။ Mr. John William Yettaw သည် ဒုတိယအကြိမ် လာရောက်ခြင်းမှာ ပထမအကြိမ်ကပင် အဆက်အသွယ်ရှိခဲ့ပြီးဖြစ်၍ လာရောက်ခြင်းဖြစ်သည်ဆိုလျှင် . . .

ဖြေ။ ကျွန်မ မသိပါ။

မေး။ Mr. John William Yettaw သည် နောက်တစ်ကြိမ်လာရောက်ရန်အတွက် ၎င်း၏အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများကို ဒေါ်အောင်ဆန်းစုကြည်၏အိမ်၌ ထားခဲ့ပါသလား။

ဖြေ။ ကျွန်မ မသိပါ။

မေး။ မဝင်းမမ (ခ) အငယ်လေးတို့အနေဖြင့် နေအိမ်အတွင်း၌ ဓာတ်ပုံများရိုက်ခြင်း၊ စကားပြောမှတ်တမ်းတင်ခြင်းတို့ကို Mr. John William Yettaw ပြုလုပ်နေခြင်းကို တားဆီးခဲ့ပါသလား၊

ဖြေ။ ကျွန်မ မသိပါ။

မေး။ မဝင်းမမ (ခ) အငယ်လေးနှင့် မိခင်ဖြစ်သူ ဒေါ်ခင်ခင်ဝင်းတို့၏ ပံ့ပိုးကူညီမှုများ မရရှိခဲ့ပါက ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံခြားသားတစ်ဦးအား နေအိမ်၌ လက်ခံနိုင်မည်လား။

ဖြေ။ ကျွန်မ မသိပါ။

မေး။ မဝင်းမမ (ခ) အငယ်လေးတို့အနေဖြင့် နေအိမ်သို့ ရောက်ရှိလာသူ Mr. John William Yettaw အား နေရာချပေးခြင်း၊ စားသောက်စရာပေးခြင်းများကိုရော ပြုလုပ်ခဲ့ရပါသလား။

ဖြေ။ အန်တီဒေါ်အောင်ဆန်းစုကြည်ခိုင်းသည့်အတိုင်း ဆောင်ရွက်ပေးရပါသည်။

ထို့နောက် Mr. John William Yettaw ကို ဆက်လက်စစ်ဆေးသည်။ Mr. John William Yettaw က ရုံးရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုပြီး ကိုယ်တိုင်သက်သေအဖြစ် အစစ်ခံသည်။


Mr. John William Yettaw က ထွက်ဆိုရာတွင် မိမိသည် ရန်ကုန်မြို့သို့ နှစ်ကြိမ်ရောက်ဖူးကြောင်း၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့က ပထမအကြိမ်လာရောက်ခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ ပထမအကြိမ်ရောက်ရှိသည်မှာ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်က ဖြစ်ကြောင်း၊ အချိန်မှာ ည ၁၁ နာရီခန့် ရှိပြီဖြစ်ကြောင်း၊ အိမ်အတွင်းသို့ မရောက်ရှိဘဲ ခြံဝင်းအတွင်းသို့သာ ဝင်ရောက်ခဲ့ပြီး နောက်ဖေးဘက်တွင် Book of Mormon စာအုပ်ကို ထားခဲ့ကြောင်း၊ ပထမအကြိမ် ဝင်ရောက်ခဲ့စဉ်က ရေမြောင်းထဲကဖြတ်၍ လျှောက်သွားပြီးနောက် အင်းလျားကန်စောင်းမှ လမ်းလျှောက်ခဲ့ကြောင်း၊ ထို့နောက် ခြံစည်းရိုးကိုကျော်ပြီး ဝင်ခဲ့ကြောင်း၊ မိမိသည် မေ ၂ ရက်တွင် ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိခဲ့ကြောင်း။ မေ ၃ရက် နံနက် ၄ နာရီခန့်တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်ဝင်းအတွင်း ရောက်ရှိခဲ့ကြောင်း၊ မိမိ၏ခြေထောက်နှစ်ဖက်စလုံး ကြွက်တက်နေပြီး အလွန်မောပန်းနွမ်းနယ်နေသည့်အတွက် နေအိမ်နောက်ဖေးပေါက်အနီးတွင် မိမိလဲလျောင်းနေခဲ့ကြောင်း၊ နောက်ဖေးတံခါးကို သော့ခတ်ထားခြင်းမရှိ၍ မိမိ အလွယ်တကူ ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိသည် မေ ၃ ရက် ညမှစ၍ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင် အိပ်စက်ခဲ့ပြီး မေ ၅ ရက် သန်းခေါင်ယံအချိန်ခန့်တွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်မှ ပြန်လည်ထွက်ခွာခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းရှိစဉ် မိမိဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခဲ့သည်ကို ဒေါ်အောင်ဆန်းစုကြည် လုံးဝသိရှိခြင်းမရှိကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ကလည်း လုံးဝမသိရှိကြောင်း၊ မိမိပြန်လည်ထွက်ခွာစဉ် မှောင်နေ၍ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ မိမိ၏ပစ္စည်းများ မေ့လျော့ကျန်ရစ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ မိမိသည် ဗီယက်နမ်စစ်ပွဲကာလအတွင်းက (၂)နှစ်ကြာခန့်မျှ ဗီယက်နမ်နိုင်ငံတွင် တိုက်ပွဲဝင်ခဲ့ပါကြောင်း၊ ထိုစဉ်က အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပါကြောင်း၊ မိမိ ဒေါ်အောင်ဆန်းစုကြည် အိမ်မှာရှိနေခဲ့စဉ်တုန်းက ထမင်းကြော်တစ်ပွဲနှင့် ရေသန့်ဘူးများ မိမိအားထောက်ပံ့ခဲ့ပါကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သည့် ခရိုင်ဥပဒေအရာရှိက Mr. John William Yettaw အား ပြန်လှန်စစ်မေးသည်ကို ဖြေကြားရာတွင် မိမိသည် ရန်ကုန်မြို့သို့ နှစ်ခေါက်လာဖူးကြောင်း၊ နှစ်ကြိမ်စလုံးက ဇန်ကောက်မှ လေကြောင်းခရီးစဉ်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မဲဆောက်နှင့် မဲဆိုင်မြို့မှတစ်ဆင့်ဝင်လာဖူးကြောင်း၊ မဲဆောက်မှာရှိသော မယ်တော်ဆေးခန်းသို့ (၁၀)ကြိမ်ခန့်ရောက်ခဲ့ဖူးကြောင်း၊ မိမိသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)–Assistance Association For Political Prisoners(AAPP) ဌာနချုပ်မှ ဘိုကြည်ဆိုသူနှင့် တွေ့ဆုံခဲ့ကြောင်း၊ မိမိ ဇန်ကောက်မှ မြန်မာနိုင်ငံအတွင်းသို့ လာရောက်စဉ်က ဗီဇာတွင်ပါရှိသော စည်းကမ်းချက်များကို လိုက်နာပါမည်ဟု လက်မှတ်ရေးထိုးခဲ့သေးသည်မှာမှန်ကြောင်း စသည်ဖြင့် ရှင်းလင်းထွက်ဆိုသည်။

အမှုများကို ဆက်လက်စစ်ဆေးကြားနာရန် မေ ၂၈ ရက် နံနက် ၁၀နာရီသို့ ချိန်းဆိုခဲ့သည်။

■

## ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ တိတ်တဆိတ် လျှို့ဝှက်ဝင်ရောက်ခဲ့သည့် အမေရိကန်နိုင်ငံသား **John William Yettaw** ၏ ကိုယ်ရေးအကျဉ်း



| | |
|---|---|
| ၁။ အမည် – | John William Yettaw |
| ၂။ အခြားအမည် – | မရှိပါ |
| ၃။ အသက်/မွေးသက္ကရာဇ် – | (၅၄)နှစ်၊ ၆–၉–၁၉၅၅ |
| ၄၊ လူမျိုး – | အမေရိကန်လူမျိုး |
| ၅။ အရပ်အမြင့် – | ၅ ပေ၊ ၁၀ လက်မ |
| ၆။ ကိုယ်အလေးချိန် – | ၂၂၀ပေါင် |
| ၇။ မွေးဖွားရာဇာတိ – | Detroit Michigan |
| ၈။ မှတ်ပုံတင်အမှတ် – | P.P No - 439767722/24.8.2008/EV/T (ကမ္ဘာလှည့်ဗီဇာ) |
| ၉။ ပညာအရည်အချင်း – | Ph.D (Psychology) (တက်ရောက်ဆဲ) |
| ၁၀။ အလုပ်အကိုင် – | Student Clinical Psychology, Forest Institute |
| ၁၁။ နေရပ်လိပ်စာအပြည့်အစုံ – | 31158, Deta Road, Falcon, Missouri (65470) |
| ၁၂။ မိဘအမည်/အလုပ်အကိုင်/ နေရပ်လိပ်စာ – | (ဘ) Jerome William Yettaw (Engineer, ၁၉၈၃ ကွယ်လွန်) (မိ) Eizabeth Bouchop Fogo (၁၉၇၈ ကွယ်လွန်) |
| ၁၃။ ဇနီးအမည်/အလုပ်အကိုင်/ နေရပ်လိပ်စာ – | Betty Yettaw (မိခို) အတူနေ |
| ၁၄။ ပါဝင်ခဲ့သည့် အဖွဲ့အစည်း – | စစ်မှုထမ်း(၂)နှစ်လုပ်ကိုင်ခဲ့ဖူးသည် |

■

### ဇဟန်းရဲစခန်း (ပ) ၃၀၁/၂၀၀၉ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့်ဥပဒေ ပုဒ်မ ၂၂ / ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အမှုမှ တရားလိုပြသက်သေစာရင်း။

(၁) လ ၅၈၂၈၄ ဒုရဲမှူးကြီးဇော်မင်းအောင်၊ သတင်းတပ်ဖွဲ့၊ ရန်ကုန်မြို့
(၂) လ ၅၇၇၅၈ ဒုရဲမှူးကြီးမောင်မောင်ခင်၊ မှုခင်းတပ်ဖွဲ့၊ အင်းစိန်
(၃) ဦးမြတ်သွင်၊ ဦးစီးဌာနမှူး၊ လဝက ကျောက်တံတားမြို့နယ်
(၄) ဦးအောင်မွန်လတ်၊ မယက ဥက္ကဋ္ဌ၊ ဇဟန်းမြို့နယ်
(၅) လ ၇၅၀၁၄ ဒုရဲမှူးခင်မောင်သောင်းဝင်း၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနခွဲ၊ သတင်းတပ်ဖွဲ့
(၆) လ ၅၉၅၁၀ ရဲအုပ်ဖုန်းခေါ်ခိုင်၊ ပြည်ပရေးရာဌာန၊ သတင်းတပ်ဖွဲ့
(၇) လ ၁၂၈၆၁၃ ရဲအုပ်သိန်းဇော်၊ အောက်မြန်မာနိုင်ငံသတင်းတပ်ဖွဲ့ခွဲ၊ သတင်းတပ်ဖွဲ့
(၈) လ ၁၃၁၉၆၃ ရဲအုပ်သန်းနိုင်၊ ရဲတပ်ရင်း(၇)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
(၉) လ ၁၉၉၂၁၂ ဒုတပ်ကြပ်မျိုးလွင်၊ ရဲတပ်ရင်း(၇)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
(၁၀) လ ၁၆၅၆၃၀ ရဲတပ်သားဇော်မြင့်၊ ရဲတပ်ရင်း(၇)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
(၁၁) လ ၁၁၂၇၁၁ ဒုရဲမှူးမောင်မောင်မြင့်၊ စစ်ဆင်ရေးဌာနခွဲ၊ သတင်းတပ်ဖွဲ့
(၁၂) ဦးသာစိန်၊ ဥက္ကဋ္ဌ၊ အမှတ်(၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
(၁၃) ဦးစိုးမြင့်၊ ရယက အဖွဲ့ဝင်၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
(၁၄) လ ၁၂၈၄၇၁ ဒုရဲမှူးတင်ဇော်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဇဟန်းမြို့နယ်
(၁၅) ဦးခင်ညွန့်၊ ရယက ဥက္ကဋ္ဌ၊ ကျိုက္ကဆံရပ်ကွက်၊ ဇဟန်းမြို့နယ်
(၁၆) ဦးဇော်တင်၊ ရယက ဥက္ကဋ္ဌ၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဇဟန်းမြို့နယ်
(၁၇) လ ၁၁၂၅၆၉ ဒုရဲမှူးစကျော်ဝင်း၊ ပြည်ပရေးရာဌာန၊ သတင်းတပ်ဖွဲ့
(၁၈) ဦးမျိုးသိန်း၊ ရယက ဥက္ကဋ္ဌ၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်
(၁၉) ဦးဌေးဦး၊ ရာအိမ်မှူး၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်
(၂၀) ဦးကျော်သူ၊ Beauty Land Hotel မန်နေဂျာ၊ ကျောက်တံတားမြို့နယ်
(၂၁) လ ၁၆၉၉ ရဲမှူးအောင်ထွဋ်ကျော်၊ ပြည်ပရေးရာဌာန၊ သတင်းတပ်ဖွဲ့
(၂၂) လ ၁၁၂၈၅၉ ဒုရဲမှူးသန်းစိုး၊ တရားစွဲဌာန၊ သတင်းတပ်ဖွဲ့
(၂၃) ရဲမှူးကြီးဝင်းနိုင်ထွန်း၊ ဒုတိယတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံသတင်းတပ်ဖွဲ့

■

### နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ

( ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၃)

### အခန်း (၁)

၁။ ဤဥပဒေကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် . . .

(က) **ပြုလုပ်မှု** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ (၇)ပါ ပြဋ္ဌာန်းချက်အကြောင်းတရပ်ရပ်ကို ထိပါးအန္တရာယ်ဖြစ်စေခြင်းငှာ မည်သည့်နည်းဖြင့်မဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြုလုပ်ခြင်း၊ ပြုလုပ်ရန်အားထုတ်ခြင်း၊ ပြုလုပ်ရန်အားပေးကူညီခြင်း သို့မဟုတ် ပြုလုပ်ရန်ပြင်ဆင်ခြင်းကို ဆိုသည်။

(ခ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ (၈)ပါ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားသည့်အဖွဲ့ကို ဆိုသည်။

(ဂ) **အရေးယူခြင်းခံရသူ** ဆိုသည်မှာ ဤဥပဒေအရ မိမိ၏ မူလအခွင့်အရေးတရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းကိုဖြစ်စေ၊ တားဆီးခြင်းကိုဖြစ်စေ ခံရသူကိုဆိုသည်။

## အခန်း (၂)

## အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကန့်သတ်ခြင်း။

၃။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏ လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် နိုင်ငံတော်ကောင်စီသည် . . .

(က) ဒေသတစ်ခုခုတွင်ဖြစ်စေ၊ ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတော်တဝန်းလုံးတွင်ဖြစ်စေ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။

(ခ) ဒေသတစ်ခုခုတွင်ဖြစ်စေ၊ ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတော်တဝန်းလုံးတွင်ဖြစ်စေ နေထိုင်သော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကိုလည်း လိုအပ်သလို ကန့်သတ်ကြောင်း ကြေညာနိုင်သည်။

၄။ ပုဒ်မ (၃)အရ ကြေညာချက်သည် ရက်ပေါင်းခြောက်ဆယ်ထက်မပိုစေရ၊ ရက်ပေါင်းခြောက်ဆယ်ထက် ကျော်လွန်ထားရှိရန်လိုအပ်ပါက နိုင်ငံတော်ကောင်စီသည် အနီးကပ်ဆုံးလွှတ်တော်အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရမည်။ ရက်ပေါင်းခြောက်ဆယ်အတွင်း လွှတ်တော်အစည်းအဝေးကျင်းပရန် မရှိလျှင် လွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ အတည်ပြုချက်ရယူရမည်။ လွှတ်တော်၏အတည်ပြုချက် မရရှိလျှင် ယင်းကြေညာချက်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲစေရမည်။ ကြေညာချက် အာဏာတည်ခြင်းမှ မရပ်စဲမီ ယင်းကြေညာချက်အရ တရားဝင်လုပ်ဆောင်ပြီးစီးခဲ့သမျှသည် အတည်ဖြစ်စေရမည်။

၅။ ကြေညာချက် ရုပ်သိမ်းသည်နှင့်တပြိုင်နက် ပုဒ်မ ၃ ပုဒ်မခွဲ (ခ) အရ ကန့်သတ်ချက်သည် အာဏာတည်ခြင်းမှ ရပ်စဲစေရမည်။

၆။ ပုဒ်မ ၃ အရ ကြေညာချက်ကို ရက်ပေါင်းခြောက်ဆယ်ထက်မပိုသော ကာလအတွင်း ရုပ်သိမ်းလျှင် နိုင်ငံတော်ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်ကို အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ လွှတ်တော်၏အတည်ပြုချက် မရရှိလျှင် ယင်းကြေညာချက်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှရပ်စဲစေရမည်။ ကြေညာချက် အာဏာတည်ခြင်းမှမရပ်စဲမီ ယင်းကြေညာချက်အရ တရားဝင်လုပ်ဆောင်ပြီးစီးခဲ့သမျှသည် အတည်ဖြစ်စေရမည်။

## အခန်း (၃)

## နိုင်ငံသားတဦးဦး၏ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း

၇။ နိုင်ငံသားတဦးဦးသည် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတခုခုကို ပြုလုပ်ခဲ့သည် သို့မဟုတ် ပြုလုပ်နေသည် သို့မဟုတ် ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သောအကြောင်းရှိလျှင် ဝန်ကြီးအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့်ချမှတ်နိုင်သည်။

၈။ ပုဒ်မ ၇ အရ လုပ်ပိုင်ခွင့်ကို ဝန်ကြီးအဖွဲ့သည် မိမိကိုယ်စားတာဝန်ယူဆောင်ရွက်ရန် ပြည်ထဲရေးနှင့် သာသနာရေးဌာန ဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကာကွယ်ရေးဌာနဝန်ကြီးနှင့် နိုင်ငံခြားရေးဌာန ဝန်ကြီးတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

၉။ ဤဥပဒေအရ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကန့်သတ်ရာ၌ အောက်ပါမူများကို တိကျစွာလိုက်နာရမည် . . .

(က) အဖွဲ့ဖြင့်သာ ဆုံးဖြတ်၍ ကန့်သတ်မိန့်ချမှတ်ရမည်။

(ခ) မူလအခွင့်အရေးများအနက် လိုအပ်သရွေ့သာ ကန့်သတ်ရမည်။

(ဂ) ကာလအပိုင်းအခြားအားဖြင့် အတိုတောင်းဆုံး ဖြစ်စေရမည်။

(ဃ) ကန့်သတ်မိန့်ကို ပုံမှန်ပြန်လည်သုံးသပ်ရမည့်အပြင် ပုံမှန်အချိန်ထက်စော၍လည်း လိုအပ်သလို သုံးသပ်နေရမည်။

(င) အရေးယူခြင်းခံရသူအား တရားစွဲဆိုနိုင်လောက်သည့် အချက်အလက်ပြည့်စုံလျှင် တရားစီရင်ရေးအဖွဲ့သို့ ချက်ချင်းပို့ရမည်။

(စ) အရေးယူခြင်းခံရသူသည် ကန့်သတ်ခြင်းခံရသည့် မူလအခွင့်အရေးများမှအပ အခြေခံဥပဒေပါ အခြားမူလအခွင့်အရေးများကိုမူ ခံစားခွင့်ရှိစေရမည်။

(ဆ) ပုဒ်မ ၇ ပါ အကြောင်းတရပ်ရပ်ကို ထိပါးအန္တရာယ်ဖြစ်စေမည့် အကြောင်းမရှိတော့သည့်အချိန်တွင် ကန့်သတ်မိန့်ကို ချက်ချက်းပယ်ဖျက်ရမည်။

(ဇ) ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူအား ပြန်လွှတ်ပြီးနောက် မူလအရေးယူခဲ့သည့် ကိစ္စရပ်အပေါ် အခြေပြု၍ ဤဥပဒေအရ ထပ်မံဖမ်းဆီးချုပ်နှောင်ခြင်းမပြုရ။

## အခန်း (၄)

## ကြိုတင်ကာကွယ်ခြင်းအတွက် လုပ်ပိုင်ခွင့်များ

၁၀။ **ဗဟိုအဖွဲ့သည်** နိုင်ငံတော်အား ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းအတွက် ကန့်သတ်မိန့်ချမှတ်၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည် . . .

(က) အရေးယူခြင်းခံရသူအား တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀ ထက်မပိုဘဲ စုစုပေါင်း ၁၈၀ ထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်ခြင်း၊

(ခ) အရေးယူခြင်းခံရသူအား တစ်နှစ်ထိ တားဆီးမှုပြုလုပ်နိုင်ခြင်း၊

၁၁။ **ဗဟိုအဖွဲ့သည်** ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ အရေးယူခြင်းခံရသူအား အောက်ပါအတိုင်း တားဆီးမှုပြုလုပ်နိုင်သည် . . .

(က) မည်သည့်နေရာဒေသတွင် မနေထိုင်ရဟု သတ်မှတ်ခြင်း၊
(ခ) မည်သည့်နေရာဒေသတွင်သာ နေထိုင်ရမည်ဟု သတ်မှတ်ခြင်း၊
(ဂ) သွားလာမှုကို လိုအပ်သလို တားဆီးခြင်း၊
(ဃ) သတ်မှတ်သည့် အရာဝတ္ထုများကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းကို ပိတ်ပင်တားဆီးခြင်း၊

၁၂။ **ဗဟိုအဖွဲ့သည်** အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) ပါ ကာလအပိုင်းအခြားထက် ကျော်လွန်၍ ဆက်လက် ဖမ်းဆီးချုပ်နှောင်ထားရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၃။ **ဗဟိုအဖွဲ့သည်** အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ပါ ကာလအပိုင်းအခြားထက် ကျော်လွန်၍ ဆက်လက် တားဆီးမှုပြုလုပ်ရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၄။ **ဝန်ကြီးအဖွဲ့သည်** ဆက်လက်ဖမ်းဆီးချုပ်နှောင်ရန်ဖြစ်စေ၊ ဆက်လက်တားဆီးမှုပြုလုပ်ရန်ဖြစ်စေ ကြိုတင်ခွင့်ပြုချက်ပေးရာတွင် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း (၅)နှစ်အထိ ခွင့်ပြုနိုင်သည်။

**မှတ်ချက်** . . . နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၁၁/၉၁) ဖြင့် ပြင်ဆင်ထားပါသည်။

၁၅။ **ဗဟိုအဖွဲ့သည်** ဖမ်းဆီးချုပ်နှောင်ခြင်း သို့မဟုတ် တားဆီးခြင်းပြုလုပ်ရန် လိုအပ်သည့်အခါ ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်အား ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

## အခန်း (၅)

## ပြန်လည်သုံးသပ်ခြင်း

၁၆။ **ဝန်ကြီးအဖွဲ့** သို့မဟုတ် **ဗဟိုအဖွဲ့သည်** ကန့်သတ်မိန့်၊ ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် တားဆီးမိန့်ကို အောက်ပါအတိုင်း ပြန်လည်သုံးသပ်၍ လိုအပ်သလိုဆောင်ရွက်ရမည် . . .

(က) ရက်ပေါင်းခြောက်ဆယ်လျှင် အနည်းဆုံးတကြိမ် ပုံမှန်ပြန်လည်သုံးသပ်ရမည်၊
(ခ) ကန့်သတ်ချက်ကို ပြင်ဆင်သင့်က ပြင်ဆင်၍ ပယ်ဖျက်သင့်က ပယ်ဖျက်ရမည်၊
(ဂ) ဖမ်းဆီးချုပ်နှောင်မိန့်ကို ပြင်ဆင်သင့်က ပြင်ဆင်၍ ပယ်ဖျက်သင့်က ပယ်ဖျက်ရမည်။

## အခန်း (၆)

## အစီရင်ခံခြင်း

၁၇။ **ဗဟိုအဖွဲ့သည်** ဤဥပဒေအရ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့သို့ ရက်ပေါင်းကိုးဆယ်လျှင် တစ်ကြိမ် ပုံမှန်အစီရင်ခံရမည်။

၁၈။ **ဝန်ကြီးအဖွဲ့သည်** ဗဟိုအဖွဲ့၏အစီရင်ခံစာကို အခြေခံ၍ ဗဟိုအဖွဲ့ကချမှတ်သည့် ကန့်သတ်မိန့် သို့မဟုတ် ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် တားဆီးမိန့်များကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

## အခန်း (၇)

## အယူခံခြင်း

၁၉။ ဤဥပဒေအရ အရေးယူခြင်းခံရသူသည် အရေးယူခြင်းခံနေရသည့်ကာလအတွင်း အယူခံခွင့်ရှိသည်။

၂၀။ ဗဟိုအဖွဲ့မှ ချမှတ်သော ကန့်သတ်မိန့် သို့မဟုတ် ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် တားဆီးမိန့်အပေါ် ဝန်ကြီးအဖွဲ့သို့ အယူခံနိုင်သည်။ ဝန်ကြီးအဖွဲ့သည် အမိန့်ကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုလုပ်နိုင်သည်။

၂၁။ ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့်ချမှတ်သော ဗဟိုအဖွဲ့၏ဆက်လက်ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် ဆက်လက်တားဆီးမိန့်အပေါ် ပြည်သူ့တရားသူကြီးအဖွဲ့သို့ အယူခံနိုင်သည်။ ပြည်သူ့တရားသူကြီးအဖွဲ့သည် အမိန့်ကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုလုပ်နိုင်သည်။

## အခန်း (၈)

## အထွေထွေ

၂၂။ အရေးယူခြင်းခံရသူ တစ်ဦးဦးသည် ကန့်သတ်မိန့် သို့မဟုတ် တားဆီးမိန့်ကို ဆန့်ကျင်လျှင် သော်လည်းကောင်း၊ ဖောက်ဖျက်လျှင် သော်လည်းကောင်း၊ မလိုက်နာလျှင် သော်လည်းကောင်း၊ အနည်းဆုံး (၃)နှစ်မှ အများဆုံး (၅)နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံစေရမည်။

☆ ☆ ☆ ☆ ☆

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၉၁ )

၁၃၅၃ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
(၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၁၄ တွင်ပါရှိသော "တစ်ကြိမ်လျှင် ရက်ပေါင်းတစ်ရာ့ရှစ်ဆယ်ထက်မပိုစေဘဲ စုစုပေါင်း ၃ နှစ်အထိ"ဆိုသည့် စကားရပ်ကို "တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း ၅ နှစ်အထိ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**
**၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေ**
**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၅/၂၀၀၀)**
၁၃၆၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
(၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၂)**

**တရားစီရင်ရေးဆိုင်ရာမူများ**

၂။ တရားစီရင်ရာတွင် အောက်ပါမူများအပေါ် အခြေခံ၍ စီရင်ရမည် . . .
(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ခြင်း၊
(ခ) ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူ ဖြစ်စေခြင်း၊
(ဂ) ဥပဒေကို ပြည်သူများက နားလည်လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးခြင်းနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးခြင်း၊
(ဃ) အမှုကိစ္စများကို ဥပဒေခွင့်ပြုချက် ဘောင်အတွင်း၌ ဥပဒေနှင့်အညီ ကျေအေးပြီးပြတ်စေရန် ဆောင်ရွက်ခြင်း၊
(င) ဥပဒေအရ တားမြစ်ထားချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်း၊
(စ) အမှုတွင် ခုခံချေပခွင့်နှင့် ဥပဒေအရ အယူခံပိုင်ခွင့် ပေးခြင်း၊
(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ခြင်း။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

☆ ☆ ☆ ☆ ☆

